# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၆)၊ အမှတ်(၃၂)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အယ်လ်ဂျီးရီးယားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် နိုဝင်ဘာ ၁

၂၀၀၆ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ကျရောက်သော အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အဗ္ဗဒဲလ် အာဇိ(စ်)၊ ဘူတဖလိကာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## ဘုရားဟောကျမ်းလာ ဥစ္စာရှိကြောင်း နည်းလမ်းကောင်း

ပစ္စည်းဥစ္စာ တည်လိုပါလျှင် – ခွေတာ
– စုဆောင်း
– မိတ်ကောင်းရှိစေ
– သုံးလေမျှတာ

ဤလေးဝ မုချ ကြွယ်ဝချမ်းသာတည်း။ ။

(သာသနာရေး)

# အမျိုးသားညီလာခံစုံညီအစည်းအဝေး မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းအတွက်ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ဖတ်ကြားတင်ပြ




ရန်ကုန် အောက်တိုဘာ ၃၁

**အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ရန်ကုန်တိုင်း မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင် နှင့်လုပ်ငန်းကော်မတီ အဖွဲ့ဝင်များက ရှင်းလင်းဖတ်ကြားတင်ပြကြသည်။**



**တက်ရောက်**

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသား **စာမျက်နှာ ၃ ကော်လံ ၁**



## သဘာပတိအဖြစ် ဆောင်ရွက်

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင်အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သဘာပတိအဖြစ် ဆောင်ရွက်စဉ်။

(သတင်းစဉ်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်)

# တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေမည့် လမ်းနှင့်တံတားများ

ရခိုင်ပြည်နယ်သည် တည်ငြိမ်အေးချမ်းမှုရှိ၍ လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ပြီး ရေမြေသဘာဝ သယံဇာတပေါ်များကြွယ်ဝကာ ကုန်စည်စီးဆင်းမှု ကောင်းမွန်လာခြင်းတို့ကြောင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။

ယခင်က ရေကြောင်းနှင့် လေကြောင်းကိုသာ အားကိုးဆက်သွယ်သွားခဲ့ရပြီး အခြားသောပြည်နယ်၊ တိုင်းများနှင့် လည်းကောင်း၊ ဒေသအတွင်းဆက်သွယ်သွားလာရေးတွင်လည်းကောင်း လမ်းပန်းဆက်သွယ်မှု ခက်ခဲခဲ့သည်။ နိုင်ငံတော်က ပြည်ထောင်စုတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အခြေခံအဆောက်အအုံများစွာကို အလုံးအရင်းဖြင့် တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်။

ယခုအခါ ရခိုင်ပြည်နယ်၌ ရန်ကုန်-စစ်တွေ၊ ရန်ကုန်-ကျောက်ဖြူ၊ ငသိုင်းချောင်း-ဂွကားလမ်းမကြီးများနှင့် တံတားကြီး၊ တံတားငယ်အသွယ်သွယ်ကို ဖောက်လုပ် တည်ဆောက်ပေးထားရာ ပြည်နယ်အတွင်းရှိ မြို့နယ်အချင်းချင်းဆက်သွယ်ရာ၌ လည်းကောင်း၊ အခြားသောပြည်နယ်၊ တိုင်းဒေသတို့နှင့် ဆက်သွယ်ရာ၌လည်းကောင်း လွယ်ကူချောမွေ့လျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနက တောင်ကုတ်-မအီ-ကျောက်ဖြူလမ်းပေါ်ရှိ ဝန်ဖိုက်တံတားကို အောက်တိုဘာလ ၂၆ ရက်နေ့က ဖွင့်လှစ်ပေးခဲ့ရာ မအီမြို့မှတစ်ဆင့် တောင်ကုတ်-သံတွဲ-ဂွ-ငသိုင်းချောင်းလမ်းဖြင့် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းတို့နှင့် မအီ-အမ်းလမ်းမှတစ်ဆင့် စစ်တွေမြို့၊ မကွေးမြို့၊ မန္တလေးတိုင်းတို့သို့ လွယ်လင့်တကူ ကူးသန်းသွားလာနိုင်ကြပြီဖြစ်သည်။

ထို့အပြင် ရခိုင်ပြည်နယ် ကမ်းလွန်ပင်လယ်ပြင်တွင် စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်ရှာဖွေထုတ်လုပ်မှုများ၊ စိုက်ပျိုးမွေးမြူရေးနှင့် ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်လျက်ရှိရာ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်လာသည်နှင့်အမျှ စီးပွားရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ရန် အလားအလာကောင်းများ ပေါ်ထွန်းလျက်ရှိသည်။

နိုင်ငံတော်က ပြည်နယ်၊ တိုင်း ဒေသအနှံ့ ဖြန့်ကြက်၍ လမ်းသစ်၊ တံတားသစ်များကို လက်ယှက်ထိုး ဖောက်လုပ် တည်ဆောက်ပေးလျက်ရှိရာ ဝန်ဖိုက်တံတားအပါအဝင် နိုင်ငံတစ်ဝန်း၌ ပေ ၁၈၀နှင့်အထက် တံတားကြီးပေါင်း ၂၁၉ စင်း ဖြစ်ထွန်းတည်ရှိနေပြီ ဖြစ်သည်။

သို့ဖြစ်ရာ ဒေသဖွံ့ဖြိုးရေးနှင့် ကုန်သွယ်စီးပွားဖွံ့ဖြိုးမှုကို အကျိုးပြုသော လမ်း၊ တံတားပေါင်းများစွာ ပေါ်ထွန်းလာမှုနှင့်အတူ ကူးသန်းသွားလာမှုနှင့် ကုန်စည်စီးဆင်းမှု ချောမွေ့မြန်ဆန်လာပြီး တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာမည်ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## တရုတ် - အာဆီယံ ကုန်သွယ်ရေး ၂၀၀၈ ခုနှစ်တွင် ဒေါ်လာဘီလီယံ ၂၀၀ ရှိလာနိုင်

နန်နင်း အောက်တိုဘာ ၃၁

**တတိယအကြိမ် တရုတ်-အာဆီယံကုန်စည်ပြပွဲအတွက် မြန်မာပရိဘောဂ လုပ်ငန်းရှင်တစ်ဦးက တရုတ်တောင်ပိုင်းကွမ်စီကျောင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဖြစ်သည့် နန်နင်းသို့ ပရိဘောဂပစ္စည်းများတိုးမြှင့် တင်ပို့လျက်ရှိသည်။**

မိမိအနေဖြင့် ယခုကုန်စည်ပြပွဲတွင်ရောင်းကောင်းလိမ့်မည်ဟု မျှော်လင့်ထားကြောင်း၊ ယခင်ပြပွဲနှစ်ကြိမ်လုပ်ခဲ့စဉ်က ယွမ် ၅၀၀၀၀၀ (အမေရိကန်ဒေါ်လာ၆၂၅၀၀)ဖိုး ရောင်းချခဲ့ရကြောင်း အသက် ၄၂ နှစ်ရှိ တရုတ်စကားကျွမ်းကျင်သူ မင်းသိမ်းက ပြောကြားသည်။

**ဖွံ့ဖြိုး**

တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုနှင့်အတူ တရုတ်-အာဆီယံနိုင်ငံများအကြား လွန်ခဲ့သော ၁၀ နှစ်ကျော်က ကုန်သွယ်ရေး ကျယ်ပြန့်လာခဲ့သည်။

**ခန့်မှန်း**

တရုတ်နှင့် အာဆီယံကုန်သွယ်မှုသည် ၂၀၀၈ ခုနှစ်အရောက်တွင် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀၀ အထိ ရှိလာဖွယ်ရှိကြောင်း ကုန်သွယ်ရေး ကျွမ်းကျင်သူများက ခန့်မှန်း ပြောကြားသည်။

**ပြောကြား**

တရုတ်-အာဆီယံနှစ်ဖက် ကုန်သွယ်ရေးတိုးတက်မှုသည် တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်ရေးကို လျင်မြန်စွာ တိုးတက်ခဲ့ကြောင်း ဒုတိယ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဂေါ်ဟူချန်းက ပြောကြားသည်။

**တိုးတက်**

၁၉၉၀ ပြည့်နှစ်မှ ၂၀၀၅ခုနှစ် ကာလအတွင်းတရုတ်စာရင်းဇယားများအရ တရုတ်-အာဆီယံကုန်သွယ်ရေးပမာဏမှာ နှစ်စဉ်ပျမ်းမျှအားဖြင့် ၂၂ ရာခိုင်နှုန်းတိုးတက်ခဲ့သည်ဟုဆိုသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## အီရတ်၌ အောက်တိုဘာလအတွင်း ကန်တပ်ဖွဲ့ဝင် ၇၉ ဦးသေဆုံး

ဘဂ္ဂဒက် အောက်တိုဘာ ၃၁

**အီရတ်နိုင်ငံ အနောက်ပိုင်း အန်ဘာပြည်နယ်တွင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး အောက်တိုဘာ၂၈ရက်က သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ကြေညာလိုက်သဖြင့် အောက်တိုဘာလသည် နှစ်နှစ်နီးပါးအတွင်း အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင် အသေအပျောက်အများဆုံးလ ဖြစ်လာသည်။**

ဆွန်နီသူပုန်တို့၏ အချက်အချာ အန်ဘာပြည်နယ်၌ ဖြစ်ပွားသော တိုက်ပွဲတွင်ရရှိခဲ့သော ဒဏ်ရာဖြင့် အမေရိကန်မရိန်း တပ်ဖွဲ့ဝင် သေဆုံးသွားရခြင်းဖြစ်သည်။

**သေဆုံး**

ထို့ကြောင့် အောက်တိုဘာလအတွင်း ယခုအထိသေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ပေါင်း ၈၉ ဦး ရှိသွားပြီဖြစ်သည်။ ၂၀၀၅ ခုနှစ် ဇန်နဝါရီလနောက်ပိုင်းတွင် တစ်လချင်းအလိုက် အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးမှုမှာ အမြင့်ဆုံးလဖြစ်သည်။ ၂၀၀၅ ခုနှစ် ဇန်နဝါရီလက အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်း ၁၀၇ ဦးသေဆုံးသွားခဲ့သည်။

**ဖော်ပြ**

မည်သို့ပင်ဖြစ်စေ စက်တင်ဘာ ၂၈ရက်က မရိန်းတပ်ဖွဲ့ဝင် သေဆုံးမှုကြောင့် ထိုရက်သတ္တပတ်မှာ နိုဝင်ဘာ ၇ရက် အမေရိကန် ကွန်ဂရက်ရွေးကောက်ပွဲအကြိုကာလတွင် သမ္မတဘုရှ်အဖို့ အီရတ်အရေးမှာ ခေါင်းခဲစရာဖြစ်ရသည်ဟု စသဖြင့် ရိုက်တာက ဖော်ပြသည်။

**အမ်အင်အေ၊ရိုက်တာ**




## ကမ္ဘာ့စွမ်းအင် လိုအပ်ချက် ပိုမိုတိုးလာမည်

**ကူဝိတ်စီးတီး အောက်တိုဘာ ၃၁**

ကမ္ဘာ့သဘာဝဓာတ်ငွေ့ လိုအပ်ချက်သည် လာမည့်ဆယ်စုနှစ်များအတွင်းတိုးလာနိုင်ပြီး ၂၀၂၀ ပြည့်နှစ်တိုင်အောင်နှစ်စဉ် ရေနံလိုအပ်ချက်မှာလည်း ၄ ဒသမ ၄ ရာခိုင်နှုန်းကို ကျော်လွန်လိမ့်မည်ဖြစ်ကြောင်း ကူဝိတ်အခြေစိုက် ကမ္ဘာလုံးဆိုင်ရာရင်းနှီးမြှုပ်နှံရေးရုံးမှ အောက်တိုဘာ ၂၈ ရက်ကထုတ်ပြန်ခဲ့သော ထုတ်ပြန်ချက်တွင်ဖော်ပြသည်။

အဆိုပါထုတ်ပြန် ကြေညာချက်တွင်ကမ္ဘာ့သဘာဝဓာတ်ငွေ့ အချိုးသည်ကမ္ဘာ့စုစုပေါင်း စွမ်းအင်အချိုးကို ခန့်မှန်းတွက်ချက်ခဲ့ရာ ၂၀၀၅ ခုနှစ်က ၂၃ ဒသမ ၅ရာခိုင်နှုန်း စွမ်းအင်လိုအပ်ချက်ရှိရာမှ ၂၀၃၀ပြည့်နှစ်တွင် ၂၈ ရာခိုင်နှုန်းအထိ မြင့်တက်လာမည်ဟု ဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## မြဝတီရုပ်မြင်သံကြား

**၁-၁၁-၂၀၀၆**

**(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မြဝတီအဖွင့် |
| ၇း၀၅ | ၂။ | အဖွင့်သီချင်း |
| ၇း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇း၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇း၃၀ | ၅။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇း၃၅ | ၆။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇း၅၀ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈း၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | မြဝတီအဖွင့် |
| ၄း၀၅ | ၂။ | အဖွင့်သီချင်း |
| ၄း၁၅ | ၃။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄း၃၀ | ၄။ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၄း၅၀ | ၅။ | မျိုးချစ်တပ်မတော် |
| ၅း၁၀ | ၆။ | ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ |
| ၅း၂၀ | ၇။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၅း၃၀ | ၈။ | မြတ်နိုးကြစေအမျိုးသားအမွေ |
| ၅း၄၀ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၁၀ | ၁၁။ | နိုင်ငံတကာသတင်း |
| ၆း၂၀ | ၁၂။ | မိုးလေဝသသတင်း |
| ၆း၂၅ | ၁၃။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆း၃၅ | ၁၄။ | လျှပ်တစ်ပြက် |
| ၇း၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မေတ္တာသည်သာ”** (အပိုင်း-၇၀) |
| ၈း၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | English Usage |
| | ၁၉။ | ဗီစီဒီကျော်ကြားတေးများ |
| | ၂၀။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၁။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ဘက်မတူတဲ့တက်လူ”** (အပိုင်း-၁၈) |

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁-၁၁-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ရောင်ပြန်မေတ္တာဖူးပွင့်ဝေဆာနှင်းဆီကုန်းဘိုးဘွားရိပ်သာ |
| ၇း၂၀ | တေးဂီတအစီအစဉ် |
| ၇း၂၅ | နိုင်ငံတကာ အနုပညာရေးရာ |
| ၇း၅၀ | တေးဂီတအစီအစဉ် |
| ၇း၅၅ | ကြယ်စင်မောင်နှမနှင့်တွေ့ဆုံခြင်း |
| ၈း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၂၀ | ပုံရိပ်ဖမ်းစား ဓာတ်ပုံအနုပညာရှင်များ (ဓာတ်ပုံရဲမြင့်လွင်နှင့် တွေ့ဆုံခြင်း) |
| ၈း၄၅ | တေးဂီတအစီအစဉ် |
| ၈း၅၀ | ချစ်စရာ့ ကျေးလက်ဓလေ့နှင့် မိရိုးဖလာ အိုးလုပ်ငန်း |
| ၈း၅၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၀၀ | သိစေချင်သည် ICT e-Trade Myanmar Co., Ltd. မှ Operation Manager ဦးဇော်ဝဏ္ဏနှင့် တွေ့ဆုံခြင်း) |
| ၉း၁၅ | တေးဂီတအစီအစဉ် |
| ၉း၂၀ | မြန်မာ့ဂုဏ်ကိုဆောင်စေကြောင်း မြန်မာ့တူရိယာစောင်း |
| ၉း၃၀ | Midweek Sports News |
| ၉း၄၅ | မိုးလေဝသခန့်မှန်းချက် |
| ၉း၅၀ | အလှတရား၏ လျှို့ဝှက်ချက် |
| ၁၀း၁၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၂၅ | ဖွံ့ဖြိုးစုံစွာ သာကေတစက်မှုဇုန်မှာ |
| ၁၀း၄၀ | တေးဂီတအစီအစဉ် |
| ၁၀း၄၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၅၀ | Myanmar Video Rhythm |
| ၁၁း၄၅ | တေးဂီတအစီအစဉ် |
| ၁၁း၅၀ | ပန်းချီထဲမှ အလှတစ်ပါး ကျောက်စီပန်းချီကား |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

### Champion League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၁း၃၀ | Copenhagen-Man Utd | 5-Series (Live) |
| ၂း၀၀ | Arsenal-Cska Moscow | 5-Sports (Live) |



အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

■ ရှေ့ဖုံးမှ

အဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီ အမျိုးသားဒီမိုကရက်တစ်ပါတီ (KNDP) (နဂါး) အဖွဲ့၊ ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ (KNPP) (ဟိုယာ)၊ ကရင်နီအမျိုးသား စည်းလုံးညီညွတ်ရေးပါတီ (ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး (DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည် ကွန်မြူနစ်ပါတီ (ရခိုင်ပြည်နယ်အဖွဲ့)၊ ရခိုင်တပ်မတော် (AA)အဖွဲ့၊ ဟိုမိန်းဒေသ ဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး(MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့၊ မွန် လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့(ချောင်ချိဒေသ) နှင့် မွန်နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း အခမ်းအနားမှူးအဖြစ် ဆောင်ရွက်စဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇နာရီခွဲမှစတင်၍ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၁ ဦးရှိပြီး ညီလာခံကိုယ်စားလှယ် ၁၀၇၂ ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၁၇ ရှိ၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

## ဖတ်ကြားတင်ပြ

အစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင် ဦးထွန်းထွန်းဦးက ဖတ်ကြားတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင် ဗိုလ်မှူးချုပ်မြဝင်းက ဆက်လက် ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

**[အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဝင်များ ဖြစ်ကြသည့် ဦးထွန်းထွန်းဦးနှင့် ဗိုလ်မှူးချုပ်မြဝင်းတို့၏ ဖတ်ကြားတင်ပြချက်များကို သီးခြားဖော်ပြထားပါသည်။]**

## ရှင်းလင်းပြောကြား

ယင်းနောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၉ နာရီ ၅၅ မိနစ်တွင် ပြန်လည် ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ဆက်လက် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်က ဆက်လက် ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁ နာရီတွင် ရပ်နားလိုက်သည်။

**[အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ရှင်းလင်းပြောကြားချက်နှင့် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၏ ဖတ်ကြားတင်ပြချက်များကို ဆက်လက် ဖော်ပြသွားပါမည်။]**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နိုဝင်ဘာ ၁၀ ရက် နံနက် ၉ နာရီတွင် ပြန်လည်ကျင်းပသွားမည် ဖြစ်သည်။ **(သတင်းစဉ်)**

# ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊ အမှတ်(၂၁)ထွက်ပြီ

**ရန်ကုန် အောက်တိုဘာ ၃၁**

ဒို့ကျေးရွာဂျာနယ် အတွဲ(၃)၊ အမှတ်(၂၁)ကို နိုဝင်ဘာ ၁ ရက်တွင် ထုတ်ဝေ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ဂျာနယ်တွင် ကျေးရွာလူနေမှုဘဝ မြင့်စေဖို့ မြေလွတ်မကျန်စိုက်ကြစို့၊ အညာမြေ၏ အိုအေစစ်၊ မုယင်းလယ်၊ အရည်အသွေးကောင်းအထွက်နှုန်းကောင်း ဒူးရင်းပင်များစိုက်ကြစို့၊ မွေးမြူရေး ပျားများနှင့် ဝတ်မှုန်ကူးပေးခြင်း၊ ဝင်ငွေတိုးမယ့် သစ်အယ်သီး၊ ကြက်သွန် ရိတ်သိမ်းနည်းနှင့် သိုလှောင်ပုံ၊ အသုံးဝင်သော တမာပင်၊ မွေးဖက်ပေး ကြက်မွေးမြူရေး၊ ပြည်ပဈေးကွက်ဝင် မြန်မာ့ဆိတ်၊ နို့စားနွားမွေးမြူလျှင် ထူးမြတ်သည့် တန်ဆောင်မုန်းလ သက်ရှည်ကျန်းမာပြည်မြန်မာ၊ အမေ့သားကြီး ငမူး၊ ပုံပြင်နှင့် ဒဏ္ဍာရီ၊ မေ့မရတဲ့ ပြန်ကြားရေးစာကြည့်တိုက်ကလေး၊ မြန်မာတို့ချစ်တဲ့ ကိုရီးယားမင်းသားစသည့် ကျေးလက်ပြည်သူများ ဗဟုသုတဖြစ်ဖွယ်ရာ ဆောင်းပါးများ၊ သတင်း၊ ဝတ္ထုတို၊ ပုံပြင်၊ ကဗျာ၊ ကာတွန်းများဖြင့် သုတ ရသစုံလင်စွာ ဖော်ပြထားသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့ အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ၌ ဝယ်ယူရရှိနိုင်ပါသည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ် ၂၂/၂၄ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၃၁**

နေပြည်တော်၌ အောက်တိုဘာ ၁၅ ရက်မှ ၂၉ ရက်အထိ စည်ကားသိုက်မြိုက်စွာဖြင့် ခြိမ့်ခြိမ့်သဲသဲကျင်းပခဲ့သော (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ခဲ့ကြသည့် ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြိုင်ပွဲဝင်များသည် ယနေ့နံနက်ပိုင်းမှစတင်၍ မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ ရထားဖြင့်လည်းကောင်း၊ လေယာဉ်ဖြင့်လည်းကောင်း နေပြည်တော်မှ ပြန်လည်ထွက်ခွာကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များအခန်းနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို ဆက်လက်ဖော်ပြသွားပါမည်

ရန်ကုန် အောက်တိုဘာ ၃၁

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်မှ ကျန်ရှိသည့်အပိုင်းကို သတင်းစာများတွင် ဆက်လက်ဖော်ပြသွားပါမည်။**

(သတင်းစဉ်)

# နိုင်ငံရေးပါတီများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည် ဒို့တာဝန်အရေး(၃)ပါးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ကာကွယ်ထိန်းသိမ်းရန်လိုအပ် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်



ရန်ကုန် အောက်တိုဘာ ၃၁

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ ခုနှစ် အောက်တိုဘာ ၃၀ ရက်တွင်ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံရေးပါတီများ အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို လုပ်ငန်းကော်မတီဝင် ဒေါက်တာထွန်းရှင်၏ ဖတ်ကြားတင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်-**



**အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီအဖွဲ့ဝင်ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို ဖတ်ကြားတင်ပြစဉ်။**

(သတင်းစဉ်)

**သဘာပတိကြီးနဲ့ ညီလာခံကိုယ်စားလှယ်များခင်ဗျား-**

အမျိုးသားညီလာခံက နိုင်ငံရေးပါတီများနဲ့စပ်လျဉ်းပြီး "နိုင်ငံတော်သည် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများကို စနစ်တကျဖွဲ့စည်းနိုင်ရန် လိုအပ်သည့် ဥပဒေပြဋ္ဌာန်းဆောင်ရွက်မည်"လို့ အခြေခံရမယ့်မူ ချမှတ်ထားပါတယ်။ ချမှတ်ထားတဲ့ အခြေခံမူနဲ့အညီ စစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးအတွက်လည်းကောင်း၊ နိုင်ငံသားများကို မှန်မှန်ကန်ကန် ဦးဆောင်မှုပေးနိုင်မယ့် နိုင်ငံရေးပါတီများ ပေါ်ပေါက်ရေးအတွက်လည်းကောင်း နိုင်ငံရေးပါတီများကို စနစ်တကျ ဖွဲ့စည်းနိုင်ဖို့ ဥပဒေပြဋ္ဌာန်းထားသင့်ပါတယ်။ မိမိတို့နိုင်ငံရဲ့ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဓလေ့ထုံးတမ်းတို့နဲ့အညီ ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ နိုင်ငံရေးပါတီများနဲ့ စပ်လျဉ်းတဲ့ ပြဋ္ဌာန်းချက်များပါရှိမှသာ သက်ဆိုင်ရာ ဥပဒေကိုပြဋ္ဌာန်းတဲ့အခါ လိုက်နာဆောင်ရွက်နိုင်ကြမှာ ဖြစ်ပါတယ်။

အဲဒီလို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းနိုင်အောင် နိုင်ငံရေးပါတီများနဲ့ စပ်လျဉ်းတဲ့ အသေးစိတ်အခြေခံရမယ့်မူများကို အမျိုးသားညီလာခံက ချမှတ်ပေးဖို့လိုအပ်ပါတယ်။ အဲဒီလို ချမှတ်ရာမှာ အထောက်အကူပြုနိုင်ဖို့ နိုင်ငံရေးပါတီများနဲ့စပ်လျဉ်းပြီး အောက်ပါအတိုင်း အပိုင်းသုံးပိုင်းဖြင့် ခွဲခြားတင်ပြသွားမှာဖြစ်ပါတယ်။

(က) ဦးတည်ချက်များ၊
(ခ) လိုက်နာရမည့်သတ်မှတ်ချက်များ၊
(ဂ) ရပ်တည်ပိုင်ခွင့်မရှိခြင်း

တို့ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် ရှိခဲ့ရာမှ ကိုလိုနီနယ်ချဲ့များနဲ့ ၁၈၂၄ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၅၂ ခုနှစ်တွင် တစ်ကြိမ်၊ ၁၈၈၅ ခုနှစ်တွင် တစ်ကြိမ် စစ်မက်ဖြစ်ပွားပြီးနောက် ကိုလိုနီနယ်ချဲ့ လက်အောက်သို့ ကျရောက်ခဲ့ရပါတယ်။ အဲဒီနောက် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သော်လည်း ကိုလိုနီနယ်ချဲ့များရဲ့ ပယောဂကြောင့် သောင်းကျန်းမှု အန္တရာယ်အသွယ်သွယ်နဲ့ ရင်ဆိုင်ခဲ့ရတဲ့အတွက် တပ်မတော်က နိုင်ငံတော်ကို ကာကွယ်ထိန်းသိမ်း ပေးခဲ့ရပါတယ်။ ဒါ့အပြင် ပြည်ထောင်စုကြီး ပြိုကွဲတော့မယ့် အခြေအနေနဲ့ ကြုံတွေ့လာတဲ့အခါတိုင်း တပ်မတော်က အကြိမ်ကြိမ် ကာကွယ်ထိန်းသိမ်းပေးခဲ့ရတာကို တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုတိုင်းရင်းသားများ စည်းလုံးညီညွတ်စွာ ရှိနေတာကို မရှုဆိတ်တဲ့ ကိုလိုနီနယ်ချဲ့ လက်သစ်များကလည်း ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ယင်းတို့ရဲ့ သြဇာခံဖြစ်ရေးအတွက် နည်းအမျိုးမျိုးနဲ့ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု ပျက်ပြားပြီး ပြည်ထောင်စုကြီး ပြိုကွဲအောင် ကြိုးပမ်းနေကြပါတယ်။ ဒါကြောင့် ကိုလိုနီနယ်ချဲ့ လက်သစ်များရဲ့ အန္တရာယ်ကို ကာကွယ်နိုင်ဖို့ နိုင်ငံသားတိုင်းဟာ နိုင်ငံရေးအသိရှိရှိဖြင့် ဒို့တာဝန်အရေး(၃)ပါးကို အမြဲတစေ ဦးထိပ်ပန်ဆင်ထားဖို့ လိုအပ်သလို နိုင်ငံရေးပါတီများအနေနဲ့လဲ ဒို့တာဝန်အရေး(၃)ပါးကိုအမျိုးသားရေး တာဝန်တစ်ရပ်အနေနဲ့ ကာကွယ်ထိန်းသိမ်းကြရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဒါကြောင့်-

**"နိုင်ငံရေးပါတီများသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိသည်"**

လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

ဒီမိုကရေစီကို အခိုင်အမာ တည်ဆောက်ထားပါပြီလို့ဆိုတဲ့ နိုင်ငံများသည်လည်း နှစ်ပေါင်းများစွာ သွေးများ၊ ချွေးများနဲ့ ပေးဆပ်ပြီးမှ ဒီမိုကရေစီကို တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ရောက်ရှိအောင် ကြိုးစားခဲ့ကြတာကို တွေ့ကြရမှာဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ စစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီကို အလေ့အကျင့်မရှိဘဲ ချက်ချင်းကူးပြောင်း ကျင့်သုံးမယ်ဆိုပါက ခိုင်မြဲမှုမရှိဘဲ ပြိုကွဲပျက်စီးသွားကြတဲ့ နိုင်ငံတချို့ရဲ့ဖြစ်စဉ်ကိုလဲ မျက်ဝါးထင်ထင် တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတစ်ခုချင်းအနေနဲ့ ယင်းတို့ရဲ့သမိုင်းဖြစ်စဉ်၊ လူမှု စီးပွားရေး အဆင့်အတန်း၊ ယဉ်ကျေးမှု၊ ထုံးတမ်းစဉ်လာနဲ့အညီ ဆီလျော်တဲ့ ဒီမိုကရေစီမျိုးကို ကျင့်သုံးမှသာလျှင် ပြည်သူများရဲ့ဆန္ဒကို ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။ ပြည်သူများအတွင်း တိုင်းရေး၊ ပြည်ရေးဟာ မိမိတို့အရေးဖြစ်တယ်လို့တာဝန် သိသိခံယူလာမှသာ အဲဒီလိုအသိရှိတဲ့ ပြည်သူအများစု နေထိုင်တဲ့ နိုင်ငံတော်ဟာလဲ ဒီမိုကရေစီနိုင်ငံတော်ရဲ့ အင်္ဂါရပ်နဲ့ ပိုမိုပြည့်စုံ လာမှာဖြစ်ပါတယ်။ မိမိတို့နိုင်ငံ အလိုက် ပြဿနာများရှိလာပါက ဒီမိုကရေစီ နည်းလမ်းများနဲ့အညီ ကိုယ်ပိုင်နည်း၊ ကိုယ်ပိုင်ဟန်ဖြင့်သာ ကုစားဖြေရှင်းကြရမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

စစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံ ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာမှာ နိုင်ငံသားများအနေနဲ့ အောက်ပါအချက်များအား သိရှိနားလည်နိုင်မှုအပေါ်တွင် ဒီမိုကရေစီရဲ့အနှစ်သာရဟာ တည်မှီလျက်ရှိကြောင်း တွေ့ရှိရပါတယ်-

(က) ပြည်သူများသည် နိုင်ငံရေးအနှစ်သာရကို အဓိပ္ပာယ်ထိထိမိမိ နားလည်ရန်လိုအပ်ခြင်း၊
(ခ) ပြည်သူများက မိမိတို့၏ ဆန္ဒသဘောထားများကို ဖော်ပြနိုင်စွမ်းရှိရန် လိုအပ်ခြင်း၊
(ဂ) ပြည်သူများက နိုင်ငံရေးကို ငြီးငွေ့သွားခြင်းမရှိစေဘဲ စိတ်ပါဝင်စားခြင်း၊
(ဃ) ပြည်သူများက မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်များကို ထိန်းကျောင်းထားနိုင်စွမ်းရှိပြီး သူတစ်ပါး၏ ဝါဒဖြန့်မှု၊ သိမ်းသွင်းမှုကို နားမယောင်ရန်လိုအပ်ခြင်း

စသည်တို့ဖြစ်ပါတယ်။

အထက်ပါ နိုင်ငံရေးအမြင်များနဲ့အညီ ရွေးကောက်ပွဲများတွင် ပြည်သူများက အင်နှင့်အားနှင့်ပါဝင်ပြီး မိမိတို့ရဲ့ဆန္ဒသဘောထားများကို ဖော်ပြနိုင်စေရန်လည်းကောင်း၊ နိုင်ငံရေးကို ငြီးငွေ့ခြင်းမရှိစေဘဲ စိတ်ပါဝင်စားလာစေရန်လည်းကောင်း၊ နိုင်ငံရေးအနှစ်သာရကို အဓိပ္ပာယ်ထိထိမိမိ နားလည်စေရန်လည်းကောင်း၊ သူတစ်ပါး၏ဝါဒဖြန့်မှု၊ သိမ်းသွင်းမှုကို နားမယောင်စေရန်လည်းကောင်း၊ သက်ဆိုင်ရာနိုင်ငံရေးပါတီများသည် မိမိတို့၏ ပါတီဝင်များနှင့် ယင်းပါတီဝင်များနဲ့ ဆက်နွှယ်လျက်ရှိကြတဲ့ ပြည်သူများကို ပညာပေးစည်းရုံးနိုင်စွမ်းရှိကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် မိမိတို့ ပါတီရဲ့နိုင်ငံရေး ရည်မှန်းချက်ကိုလဲ ထိန်းကျောင်းထားနိုင်စွမ်းရှိသော ပါတီမျိုးများရှိလာပါမှ နိုင်ငံတော်မှာ စစ်မှန်၍ စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ပိုမိုထွန်းကားလာနိုင်မှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အပါအဝင် အချို့သော ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့် နိုင်ငံများတွင် ဖွဲ့စည်းခဲ့တဲ့ပါတီများနဲ့ စပ်လျဉ်းပြီး ဆက်လက် တင်ပြရရင် ပါတီအချို့ဟာ တစ်နိုင်ငံလုံးအရေးထက် ဒေသအရေးကိုလည်းကောင်း၊ အမျိုးသားရေးထက် ပုဂ္ဂိုလ်ရေးများကိုလည်းကောင်း ဦးစားပေးသော ဂိုဏ်းဂဏ၊ အသင်းအဖွဲ့သဏ္ဌာန်သို့ တဖြည်းဖြည်း ပြောင်းလဲခဲ့ကြတာကို တွေ့ကြရပါတယ်။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီးနောက် ပါလီမန်ဒီမိုကရေစီကို ကျင့်သုံးခဲ့စဉ်က အားနည်းချက်များနဲ့ ချို့ယွင်းချက်များကို ကြုံတွေ့ခဲ့ရပြီး ဖြစ်ပါတယ်။ အဲဒီအားနည်းချက်များနဲ့ ချို့ယွင်းချက်များ ကြုံတွေ့ရခြင်း အကြောင်းရင်းများကို လေ့လာလျှင် သမိုင်းကြောင်းအရ ဒီမိုကရေစီအတွေ့အကြုံ နည်းပါးသေးခြင်း၊ ပါလီမန်ဒီမိုကရေစီဟုဆိုသော်လည်း အနှစ်သာရအားဖြင့် တစ်ပါတီအသွင်သဏ္ဌာန်ဖြင့်သာ အုပ်စိုးခဲ့ခြင်း၊ ပြည်သူများသည် ဒီမိုကရေစီအခွင့်အရေးများနဲ့ တာဝန်များကို အသိတရားရှိစွာဖြင့် ခွဲခြားကျင့်သုံးနိုင်သည်အထိ မဖွံ့ဖြိုးသေးခြင်း၊ ပါတီအဖွဲ့အစည်းများကလဲ ဒီမိုကရေစီအခွင့်အရေးများကို တာဝန်သိသိ ကျင့်သုံးလာနိုင်စေရန် ပြည်သူများအား လေ့ကျင့်ပညာပေးနိုင်စွမ်း၊ ဦးဆောင်နိုင်စွမ်း အားနည်းခဲ့ခြင်း၊ ဒီမိုကရေစီ၏ အနှစ်သာရများပေါ်လွင်အောင် ကျင့်သုံးနိုင်စေမည့် အခြေခံအဆောက်အအုံများ၊ မဖွံ့ဖြိုးသေးခြင်း အစရှိတဲ့အကြောင်းများဟာ အရေးပါတဲ့အကြောင်းများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

အဲဒီလို ဖြတ်သန်းကြုံတွေ့ခဲ့ရတဲ့ ဖြစ်ရပ်များကို သင်ခန်းစာယူပြီး နောင်တွင် မိမိတို့နိုင်ငံ၌ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေးအတွက် နိုင်ငံရေးပါတီများ၏ အရည်အချင်းများနဲ့စပ်လျဉ်း၍ သင့်တော်မယ့် အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်ပေးရန် လိုအပ်လျက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား-**

နိုင်ငံရေးပါတီတစ်ရပ်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ တည်ဆဲဥပဒေများကို လေးစားလိုက်နာရမယ့်အပြင် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမှာဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံရေးပါတီအဖြစ် တရားဝင်မှတ်ပုံတင်ထားရှိဖို့လဲ လိုအပ်ပါတယ်-

ဒါကြောင့် နိုင်ငံရေးပါတီများလိုက်နာရမယ့် သတ်မှတ်ချက်များနဲ့စပ်လျဉ်းပြီး အောက်ပါအသေးစိတ် အခြေခံရမယ့်မူများ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်-

**"နိုင်ငံရေးပါတီတစ်ရပ်သည်-**
**(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်၊**
**(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်၊**
**(ဂ) နိုင်ငံရေးပါတီအဖြစ် ဥပဒေနှင့်အညီ ဖွဲ့စည်းမှတ်ပုံတင်ထားရမည်"**

တို့ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

နိုင်ငံတစ်နိုင်ငံတွင် ခိုင်မာပြီး စနစ်တကျဖွဲ့စည်းထားတဲ့ နိုင်ငံရေးပါတီများက ဦးဆောင်မှုပေးနိုင်မှသာလျှင် တိုင်းပြည်တိုးတက်မှာဖြစ်ပါတယ်။ အဲဒီလို ပါတီမျိုးရှိစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သင့်တော်သောမူများကို ချမှတ်ပြဋ္ဌာန်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ ပါတီစုံ ဒီမိုကရေစီ၏ အနှစ်သာရကို မပျက်စေဘဲ နိုင်ငံရေးပါတီများကို စနစ်တကျ ဖွဲ့စည်းသင့်ပါတယ်။ အဲဒီလိုစနစ်တကျ ဖွဲ့စည်းထားတဲ့ နိုင်ငံရေးပါတီတစ်ရပ်ဟာ ဥပဒေနဲ့အညီ နိုင်ငံတော်အတွင်း နိုင်ငံရေးပါတီအဖြစ် ရပ်တည်စည်းရုံးခွင့်ရှိမှာ ဖြစ်သလို နိုင်ငံတော်အတွင်း၌ ကျင်းပသော ရွေးကောက်ပွဲများတွင်လည်း ပါဝင်ယှဉ်ပြိုင်ခွင့်ရှိမှာဖြစ်ပါတယ်။

ဒါကြောင့်-

**"နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ**
**(က) လွတ်လပ်စွာ စည်းရုံးခွင့်ရှိသည်၊**
**(ခ) ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်"**

လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

နိုင်ငံတော်ရဲ့အကျိုး၊ ပြည်သူများရဲ့အကျိုးကို ဦးထိပ်ထား ဆောင်ရွက်ပေးရတဲ့ နိုင်ငံရေးပါတီတစ်ရပ်ရပ်ဟာ တည်ဆဲဥပဒေအရ မတရားအသင်းအဖြစ် ကြေညာခြင်းခံရပါက အဲဒီနိုင်ငံရေးပါတီကို သဘာဝအားဖြင့် ဆက်လက်ရပ်တည်ပိုင်ခွင့် မပြုသင့်တော့ပါ။

ဒါ့အပြင် နိုင်ငံတော်အား လက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော သောင်းကျန်းသူအဖွဲ့အစည်း၊ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် နိုင်ငံတော်က မတရားအသင်းအဖြစ် ကြေညာထားသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်နေတဲ့ နိုင်ငံရေးပါတီသည်လဲ ဒို့တာဝန်အရေး(၃)ပါးကို ချိုးဖောက်တာဖြစ်တဲ့အတွက် အဲဒီလို နိုင်ငံရေးအဖွဲ့အစည်းကိုလဲ ဆက်လက်ရပ်တည်ပိုင်ခွင့် မပြုသင့်ဟု သုံးသပ်ရရှိပါတယ်။

**သဘာပတိကြီးခင်ဗျား-**

နိုင်ငံရေးပါတီများဟာ ဒို့တာဝန်အရေး(၃)ပါးနဲ့ စစ်မှန်တဲ့ပါတီစုံ ဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့တည်ဆဲဥပဒေများကိုလဲ လေးစားလိုက်နာကြရမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံခြားရေးမူဝါဒများနဲ့အညီ နိုင်ငံတော်ဟာ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးမှာ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံရေးပါတီတစ်ရပ်ရပ်ဟာ နိုင်ငံခြားတိုင်းပြည်တစ်ခုခု၏ အစိုးရ သို့မဟုတ် ဘာသာရေးအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့တို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲပါက ဖော်ပြပါ နိုင်ငံတော်မှ ကျင့်သုံးလျက်ရှိတဲ့ မူဝါဒများကို ဆန့်ကျင်သော အဖွဲ့အစည်းတစ်ရပ် ဖြစ်သွားနိုင်တဲ့အတွက် အဲဒီလို နိုင်ငံရေးပါတီမျိုးကိုလဲ နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့် မပြုသင့်ကြောင်း တွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား-**

ချမှတ်ထားတဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများအရ နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာ၊ သာသနာကို အလွဲသုံးစားမပြုရန် ဖြစ်ပါတယ်။ တကယ်လို့ နိုင်ငံရေးပါတီတစ်ရပ်ရပ်ဟာ ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုပါက အဲဒီလိုပါတီမျိုးကို ဆက်လက်ရပ်တည်ပိုင်ခွင့် မပြုသင့်ကြောင်း သုံးသပ်ရရှိပါတယ်။

ဒါ့အပြင် နိုင်ငံရေးပါတီ တစ်ရပ်ရပ်ဟာ ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိစေတဲ့ ပြဋ္ဌာန်းချက်တစ်ခုခုနဲ့ ငြိစွန်းကြောင်း မှတ်ပုံတင်ခွင့်ပေးနိုင်သော အဖွဲ့အစည်းက တွေ့ရှိပါက အဲဒီပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်သင့်ပါတယ်။

ဒါကြောင့် နိုင်ငံရေးပါတီများ ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိခြင်းနှင့် စပ်လျဉ်းပြီး-

*စာမျက်နှာ ၅ ကော်လံ ၁*

# တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတစ်စုတွင် ဖြစ်စေ ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်လျှင် တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းချက်များနှင့်အညီ တားဆီးကာကွယ်စောင့်ရှောက်ခွင့်ရှိ



ရန်ကုန် အောက်တိုဘာ ၃၁

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ၂၀၀၆ခုနှစ် အောက်တိုဘာ ၃၁ ရက်တွင်ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် ဦးထွန်းထွန်းဦးနှင့် ဗိုလ်မှူးချုပ် မြဝင်းတို့၏ဖတ်ကြားတင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်သည်—**

**သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား—**

အမျိုးသားညီလာခံစုံညီအစည်းအဝေးက ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိရမယ့် အခန်းလိုက်ခေါင်းစဉ်များလျာထားသတ်မှတ်ရာတွင် "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ"ဟူ၍ ခေါင်းစဉ်တစ်ရပ်သီးခြားသတ်မှတ်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီခေါင်းစဉ်နဲ့စပ်လျဉ်းပြီး လုပ်ငန်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်များကို တင်ပြသွားမှာဖြစ်ပါတယ်။

အမျိုးသားညီလာခံက နိုင်ငံတော်အခြေခံမူများအတွက် အခြေခံရမယ့်မူများ ချမှတ်စဉ်က အရေးပေါ်ကာလနဲ့စပ်လျဉ်းပြီး အောက်ပါအတိုင်း အခြေခံရမယ့်မူများကို ချမှတ်ခဲ့ပြီးဖြစ်ပါတယ်—

- **"တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရစီရင်စုတွင်ဖြစ်စေ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက် နိုင်ခြင်းမရှိသည့် အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် နိုင်ငံတော်သမ္မတသည် ထိုတိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု၏ အုပ်ချုပ်ရေးဆိုင်ရာအခွင့်အာဏာကို သုံးစွဲဆောင်ရွက်ခွင့်ရှိသည်။ ထိုသို့ ဆောင်ရွက်ရာ၌ လိုအပ်လျှင် ထိုတိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုနှင့်သက်ဆိုင်သည့် ဥပဒေပြုခွင့်အာဏာများကို နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်သမ္မတက သုံးစွဲဆောင်ရွက် ခွင့်ရှိသည်"**
- **"တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုတစ်စုတွင်ဖြစ်စေ ပြည်သူများ၏ အသက် အိုးအိမ် စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့် အရေးပေါ်အခြေအနေ ပေါ်ပေါက်လျှင် သို့မဟုတ် ပေါ်ပေါက်ရန် လုံလောက်သောအကြောင်း ရှိလျှင် ထိုအန္တရာယ်ကို တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ပြဋ္ဌာန်းချက်များနှင့်အညီ တားဆီးကာကွယ်စောင့်ရှောက် ခွင့်ရှိသည်"**
- **"နိုင်ငံတော်အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုစသော အဓမ္မနည်းဖြင့်ရယူရန် ဆောင်ရွက်ခြင်း သို့မဟုတ် ကြိုးပမ်းအားထုတ်ခြင်းကြောင့် ပြည်ထောင်စုပြိုကွဲစေမည့်၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုပြိုကွဲစေမည့် သို့မဟုတ် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးစေမည့် အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်အာဏာကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် အညီ ရယူသုံးစွဲခွင့်ရှိသည်"**

**အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်း ကော်မတီ ဝင် ဦးထွန်းထွန်းဦး အမျိုးသား ညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြား ချက်များကို ဖတ်ကြားတင်ပြစဉ်။**
(သတင်းစဉ်)



**သဘာပတိကြီးခင်ဗျား—**

ဖော်ပြပါ ချမှတ်ထားပြီးတဲ့ အခြေခံရမယ့်မူများနဲ့အညီ အရေးပေါ်အခြေအနေကြေညာခြင်းနဲ့ အဲဒီလိုအရေးပေါ်အခြေအနေကြေညာတဲ့အခါမှာ လိုအပ်လာလျှင် စစ်အုပ်ချုပ်ရေးအာဏာအပ်နှင်းခြင်းတို့နဲ့စပ်လျဉ်းလို့ အသေးစိတ်အခြေခံရမယ့်မူများကို အမျိုးသားညီလာခံကချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်များကို ဆက်လက်တင်ပြသွားပါမယ်။

နိုင်ငံတစ်နိုင်ငံတွင် ဒေသအချို့၌သော်လည်းကောင်း၊ နိုင်ငံတစ်ဝန်းလုံး၌သော်လည်းကောင်း နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးကိုထိပါးမယ့် အန္တရာယ်မျိုးကြုံတွေ့ခြင်းကြောင့်ဖြစ်စေ၊ တိုင်းတစ်ပါးမှ စစ်ရေးအရ ကျူးကျော်တိုက်ခိုက်လာခြင်းကြောင့်ဖြစ်စေ၊ နိုင်ငံတော်ရဲ့ နိုင်ငံရေးနဲ့ စီးပွားရေးအခြေအနေဆိုးရွားစွာ ယိုယွင်းပျက်စီးလာခြင်းကြောင့်ဖြစ်စေ၊ လေဘေး၊ ရေဘေး၊ မီးဘေး၊ မြေငလျင်ဘေးစတဲ့ သဘာဝဘေးအန္တရာယ် ကျရောက်ခြင်းကြောင့်ဖြစ်စေ အရေးပေါ်အခြေအနေပေါ်ပေါက်တတ်ပါတယ်။ အဲဒီလို အရေးပေါ်အခြေအနေပေါ်ပေါက်ခြင်းကြောင့် နိုင်ငံတော်ရဲ့ပျက်စီးယိုယွင်းနေတဲ့အခြေအနေများကို မူလအခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ လုပ်ပိုင်ခွင့်အပ်နှင်းထားတဲ့ နိုင်ငံတော်အကြီးအကဲက အရေးပေါ် အခြေအနေကြေညာပြီး လိုအပ်တဲ့ အရေးယူဆောင်ရွက်မှုများ ပြုဖို့လိုအပ်ပါတယ်။

နိုင်ငံတော်အကြီးအကဲအနေနဲ့ အရေးပေါ်အခြေအနေကြေညာပြီးနောက် အရေးပေါ်ကာလအတွင်း မိမိရဲ့ အရေးယူဆောင်ရွက်ချက်များ၊ မိမိက တာဝန်လွှဲအပ်ဆောင်ရွက်စေတဲ့ အဖွဲ့အစည်းနဲ့ပုဂ္ဂိုလ်များရဲ့ လုပ်ဆောင်ချက်များကို သက်ဆိုင်ရာ လွှတ်တော်သို့ ပြန်လည်တင်ပြပြီး အတည်ပြုချက် ရယူရန်လိုအပ်ကြောင်း၊ ကာလအပိုင်းအခြားတစ်ခုအတွက်သာ အရေးပေါ် အခြေအနေကြေညာခွင့်ရှိကြောင်းကို နိုင်ငံအများအပြားရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာ ပြဋ္ဌာန်းထားကြတာကို လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား—**

အရေးပေါ် အခြေအနေကြေညာခြင်းနဲ့ စပ်လျဉ်းပြီး ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေများပါ ပြဋ္ဌာန်းချက်များကို ဆက်လက် တင်ပြပါမယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကို လေ့လာရာ၌ ပုဒ်မ ၉၄(၁)နှင့်(၃)တို့တွင် "စစ်ကြောင့်ဖြစ်စေ၊ နိုင်ငံတွင်း ဆူပူမှုကြောင့်ဖြစ်စေ၊ ပြည်ထောင်စု နိုင်ငံ၏တည်တံ့မှုကို အန္တရာယ်ဖြစ်စေအံ့သော အထူးအရေးတကြီးအခြေ ဖြစ်ပေါ်နေပြီဟူ၍သော်လည်းကောင်း၊ ပြည်ထောင်စုနိုင်ငံကို ထိခိုက်စေသော စီးပွားရေး အရေးတကြီး အခြေသည် ပြည်ထောင်စုနိုင်ငံ၏ တစ်စိတ်တစ်ဒေသ၌ ပေါ်ပေါက်နေပြီဟူ၍သော်လည်း ကောင်း၊နိုင်ငံတော်သမ္မတက (ဤအခြေခံဥပဒေတွင် အရေးတကြီး ကြေညာချက်ဟု ညွှန်းထားသော) ကြေညာချက် တစ်ရပ်ကို ထုတ်ပြန်ခဲ့သော ပုဒ်မ ၉၂ တွင် မည်သို့ပင် ဆိုထားစေကာမူ ပြည်နယ်ဥပဒေပြုစာရင်းတွင် သီးခြားရေတွက်ဖော်ပြထားသော ကိစ္စတစ်ခုခုနှင့်စပ်လျဉ်း၍ ပြည်နယ်တစ်နယ်အတွက်သော်လည်းကောင်း၊ ပြည်နယ်၏ တစ်စိတ်တစ်ဒေသအတွက်သော်လည်းကောင်း ဥပဒေများကိုပြုရန်ပါလီမန်တွင်အာဏာရှိရမည်"ဟူ၍လည်းကောင်း၊ "အရေးတကြီး ကြေညာချက်ကို နောက်ထပ်ကြေညာချက်ထုတ်ပြန်၍ ရုပ်သိမ်းနိုင်သည်။ ခြောက်လ အချိန်ကာလမကုန်ဆုံးမီ ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်လုံးက ဆုံးဖြတ်ပြဋ္ဌာန်း၍ အတည်မပြုလျှင် ထိုခြောက်လအချိန်ကာလကုန်ဆုံးသောအခါ ထိုကြေညာချက်သည်အာဏာတည်ခြင်းမှရပ်စဲရမည်။သို့ရာတွင် ထိုကြေညာချက်အာဏာဆက်လက်တည်နေစေရန် သဘောတူဆုံးဖြတ်ပြဋ္ဌာန်းချက်ကို ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်လုံးက အတည်ပြုခဲ့လျှင် ထို့ပြင် အတည်ပြုတိုင်း ထိုကြေညာချက်သည် ရုပ်သိမ်းခြင်း မခံရသေးသမျှ ဤပုဒ်မခွဲရ ထိုကြေညာချက် အာဏာတည်နေခြင်းမှ ရပ်စဲရမည့်နေ့မှစ၍ နောက်ထပ် ၁၂လ ကာလအတွက် ဆက်လက်အာဏာတည်ရမည်"ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားတာကို လေ့လာတွေ့ရှိရပါတယ်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ ပုဒ်မ ၇၆ တွင် "နိုင်ငံ၏ဒေသအချို့တွင်သော်လည်းကောင်း၊ နိုင်ငံတော် တစ်ဝန်းလုံးတွင်သော် လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် နိုင်ငံတော်ကောင်စီသည် လိုအပ်ပါက အရေးပေါ်အခြေအနေကြေညာ၍ စစ်အုပ်ချုပ်ရေး ဥပဒေကို ထုတ်ပြန်နိုင်သည်။ နိုင်ငံတော်၏ဒေသအချို့တွင်သော်လည်းကောင်း၊ နိုင်ငံတစ်ဝန်းလုံးတွင်သော် လည်းကောင်း စစ်စည်းရုံးခြင်းပြုနိုင်သည်။ ယင်းဆောင်ရွက်ချက်ကို အနီးကပ်ဆုံး ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်" လို့ ပြဋ္ဌာန်းပါရှိပါတယ်၊ အဲဒီပြဋ္ဌာန်းချက်အရ အရေးပေါ် အခြေအနေကြေညာပိုင်ခွင့်ကို နိုင်ငံတော်သမ္မတအား ပေးအပ်ထားခြင်းမရှိဘဲ နိုင်ငံတော်ကောင်စီအားသာ အပ်နှင်းထားတာကို လေ့လာတွေ့ရှိနိုင်ပါတယ်။

*စာမျက်နှာ ၆ ကော်လံ ၁*

*စာမျက်နှာ ၄ မှ*

**"၁။ နိုင်ငံရေးပါတီတစ်ရပ်ရပ်သည် အောက်ပါအကြောင်း တစ်ခုခုနှင့် ငြိစွန်းလျှင် ဆက်လက် ရပ်တည်ပိုင်ခွင့်မရှိစေရ—**
**(က) တည်ဆဲဥပဒေအရ မတရားအသင်းအဖြစ် ကြေညာခံရခြင်း၊**
**(ခ) နိုင်ငံတော်အား လက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော သောင်းကျန်းသူအဖွဲ့အစည်း၊ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် မတရားအသင်းအဖြစ် ကြေညာခြင်းခံထားရသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊**
**(ဂ) နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ အစိုးရ သို့မဟုတ် ဘာသာရေး အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း၊**
**(ဃ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုခြင်း။**
**၂။ နိုင်ငံရေးပါတီ တစ်ရပ်ရပ်သည် အထက်အပိုဒ်ခွဲ (က)၊ (ခ)၊ (ဂ) သို့မဟုတ် (ဃ)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း မှတ်ပုံတင်ခွင့် ပေးနိုင်သော အဖွဲ့အစည်းကတွေ့ရှိလျှင် နိုင်ငံရေး ပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ရမည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား—**

နိုင်ငံရေးပါတီများသည် နိုင်ငံတော်၏အကျိုး၊ ပြည်သူများရဲ့အကျိုးကို ဦးလည်မသုန် ဆောင်ရွက်ပေးကြဖို့ တာဝန်ရှိပါတယ်။ နိုင်ငံရေးပါတီများဟာ မိမိတို့နိုင်ငံရဲ့ နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဓလေ့ထုံးတမ်းတို့နဲ့အညီ ပြည်ထောင်စုကြီးတစ်ခုလုံးအတွက်လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက်လည်းကောင်း စစ်မှန်ပြီး စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးကို ဦးဆောင်ဦးရွက်ပြုပေးနိုင်တဲ့ နိုင်ငံရေးပါတီများဖြစ်ဖို့ လိုအပ်ပါတယ်။ အဲဒီလို ဦးဆောင်ဦးရွက်ပြုတဲ့အခါ အမျိုးမျိုးအဖုံဖုံ မဖြစ်ရလေအောင် ပြည်ထောင်စုလွှတ်တော်က နိုင်ငံရေးပါတီများနဲ့စပ်လျဉ်းတဲ့ လိုအပ်တဲ့ ဥပဒေများကို ပြဋ္ဌာန်းပေးသင့်ကြောင်း သုံးသပ်ရရှိပါတယ်။

ဒါကြောင့်—

**"ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံရေးပါတီများနှင့်စပ်လျဉ်းသည့် လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းရမည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား—**

နိုင်ငံရေးပါတီများအခန်းနဲ့ စပ်လျဉ်းပြီး ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို စုစည်းဖော်ပြရမယ်ဆိုရင်—

**၁။ နိုင်ငံရေးပါတီများသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာ တည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိသည်။**
**၂။ နိုင်ငံရေးပါတီတစ်ရပ်သည်**
**(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးရမည်၊**
**(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာရမည်၊**
**(ဂ) ဥပဒေနှင့်အညီ နိုင်ငံရေးပါတီအဖြစ် ဖွဲ့စည်းမှတ်ပုံတင်ထားရမည်၊**
**၃။ နိုင်ငံရေးပါတီတစ်ရပ်သည် နိုင်ငံတော်အတွင်း ဥပဒေနှင့်အညီ—**
**(က) လွတ်လပ်စွာ စည်းရုံးခွင့်ရှိသည်၊**
**(ခ) ရွေးကောက်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။**
**၄။ နိုင်ငံရေးပါတီတစ်ရပ်ရပ်သည် အောက်ပါအကြောင်းတစ်ခုခုနှင့် ငြိစွန်းလျှင် ဆက်လက်ရပ်တည်ပိုင်ခွင့် မရှိစေရ—**
**(က) တည်ဆဲဥပဒေအရ မတရားအသင်းအဖြစ် ကြေညာခံရခြင်း၊**
**(ခ) နိုင်ငံတော်အား လက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော သောင်းကျန်းသူ အဖွဲ့အစည်း၊ အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များ သို့မဟုတ် မတရားအသင်းအဖြစ် ကြေညာခံထားရသော အဖွဲ့အစည်းနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဆက်သွယ်ခြင်း သို့မဟုတ် အားပေးကူညီခြင်း၊**
**(ဂ) နိုင်ငံခြားတိုင်းပြည်တစ်ခုခုမှ အစိုးရ သို့မဟုတ် ဘာသာရေး အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငွေကြေး၊ ပစ္စည်း၊ အခြားအထောက်အပံ့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရယူသုံးစွဲခြင်း၊**
**(ဃ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုခြင်း။**
**၅။ နိုင်ငံရေးပါတီတစ်ရပ်ရပ်သည် အပိုဒ် ၄၊ အပိုဒ်ခွဲ(က)၊(ခ)၊(ဂ) သို့မဟုတ်(ဃ)ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း မှတ်ပုံတင်ခွင့်ပေးနိုင်သော အဖွဲ့အစည်းကတွေ့ရှိလျှင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ရမည်။**
**၆။ ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံရေးပါတီများနှင့် စပ်လျဉ်းသည့် လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းရမည်**

တို့ဖြစ်ပါတယ်။

**သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား—**

အခုကျွန်တော်တင်ပြခဲ့တဲ့ နိုင်ငံရေးပါတီများအခန်းနဲ့စပ်လျဉ်းပြီး အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်ရန် သင့်၊ မသင့် အကြံပြုချက်များရှိရင်လဲ အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများက ဆွေးနွေးအကြံပြုကြဖို့ မေတ္တာရပ်ခံရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

# နိုင်ငံတော်သမ္မတသည် ဥပဒေကဲ့သို့ အာဏာတည်တံ့သည့် အမိန့်ထုတ်ပြန်လျက် အရေးပေါ်အခြေအနေ ကြေညာခြင်းသည် ပိုမိုထိရောက်အကျိုးဖြစ်ထွန်းမှာဖြစ်

စာမျက်နှာ ၅ မှ

**သဘာပတိကြီးခင်ဗျား–**

အရေးပေါ်အခြေအနေကြေညာခြင်းနဲ့စပ်လျဉ်းပြီး ၁၉၄၇ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနဲ့ နိုင်ငံအချို့ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များကို လေ့လာရာတွင် အရေးပေါ်အခြေအနေ ထုတ်ပြန်ကြေညာနိုင်တဲ့ အခွင့်အာဏာကို နိုင်ငံတော်သမ္မတအား အပ်နှင်းလေ့ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ ဒါပေမယ့် အဲဒီအခွင့်အာဏာကို အပ်နှင်းရာမှာလည်း နိုင်ငံတော်သမ္မတက ဒီအခွင့်အာဏာကို လွတ်လပ်စွာ အပြီးအပြတ် ကျင့်သုံးနိုင်တဲ့ သဘောမျိုး အပ်နှင်းထားတာ မဟုတ်ဘဲသက်ဆိုင်ရာ ဥပဒေပြုအဖွဲ့အစည်းများထံ မိမိရဲ့ဆောင်ရွက်ချက်ကို တင်ပြအတည်ပြုချက်ရယူကြတာကို လေ့လာတွေ့ရှိရပါတယ်။

ဘယ်လိုအခြေအနေမျိုးပေါ်ပေါက်မှ အရေးပေါ်အခြေအနေကြေညာနိုင်တယ်ဆိုတဲ့အချက်ကိုလေ့လာကြည့်တဲ့အခါ စစ်ဘေးအန္တရာယ်များကြောင့်ဖြစ်စေ၊ ပြည်ပကျူးကျော်မှုကြောင့် ဖြစ်စေ၊ လက်နက်ကိုင်သောင်းကျန်းမှုကြောင့်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ စီးပွားရေးကြောင့်ဖြစ်စေ၊ နိုင်ငံ၏ သို့မဟုတ် နိုင်ငံ၏အစိတ်အပိုင်းတစ်ရပ်ရပ်ရဲ့လုံခြုံရေးကို အန္တရာယ်ပြုမယ့်စိုးရိမ်ဖွယ်ရာဖြစ်တဲ့ အရေးပေါ်အခြေအနေတစ်ရပ်ဖြစ်ပေါ်နေတယ်လို့ နိုင်ငံတော်သမ္မတက ယုံကြည်ရင် အရေးပေါ်အခြေအနေကြေညာချက်ကို ထုတ်ပြန်နိုင်ကြောင်းလေ့လာတွေ့ရှိရပါတယ်။ နိုင်ငံတော်သမ္မတက အရေးပေါ်အခြေအနေ ကြေညာချက်ကို ထုတ်ပြန်ပြီးရင် သတ်မှတ်ထားတဲ့ကာလမကုန်ဆုံးမီ လွှတ်တော်ကိုတင်ပြပြီး အတည်ပြုချက်ရယူရပါတယ်။ လွှတ်တော်ကအတည်မပြုရင် သတ်မှတ်ကာလကုန်ဆုံးတဲ့နေ့မှာ အာဏာတည်ခြင်းမှရပ်စဲကြောင်းဖော်ပြထားတာ တွေ့ရှိရပါတယ်။

အရေးပေါ်အခြေအနေကြေညာခြင်းနဲ့စပ်လျဉ်းပြီး နိုင်ငံအချို့ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေတွေမှာ မိမိတို့နိုင်ငံရဲ့အနေအထား၊ အခြေအနေ၊ ရေမြေသဘာဝတို့အပေါ်မူတည်ပြီး စည်းကမ်းများသတ်မှတ်ထားလေ့ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ မိမိတို့နိုင်ငံအနေနဲ့လည်း မိမိတို့နိုင်ငံနဲ့လိုက်လျောညီထွေဖြစ်စေမယ့် စည်းကမ်းချက်တွေကို အရေးပေါ်အခြေအနေကြေညာတဲ့အခါ ထည့်သွင်းသတ်မှတ်ထားဖို့လိုပါတယ်။

အမျိုးသားညီလာခံကချမှတ်ထားပြီးဖြစ်တဲ့ အသေးစိတ်အခြေခံရမည့်မူများအရ ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းဒေသကြီး၊ ပြည်နယ်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုရယ်လို့ နယ်မြေဒေသများ သတ်မှတ်ပါရှိမှာဖြစ်ပြီး အဲဒီ တိုင်းဒေသကြီး၊ ပြည်နယ်နဲ့ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများကိုလဲ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနဲ့ တရားစီရင်ရေးအာဏာများကို ခွဲဝေအပ်နှင်းပေးမှာဖြစ်ပါတယ်။ အဲဒီလို အပ်နှင်းပေးတဲ့အာဏာတွေအနက် အုပ်ချုပ်ရေးအာဏာကိုကျင့်သုံးဆောင်ရွက်ရတဲ့ နိုင်ငံတော်ရဲ့အုပ်ချုပ်ရေးယန္တရားဟာ စဉ်ဆက်မပြတ်လည်ပတ်နေနိုင်ဖို့ အထူးအရေးကြီးပါတယ်။ ဖော်ပြပါဒေသဆိုင်ရာ အုပ်ချုပ်ရေး အဖွဲ့အစည်းတွေရဲ့ချို့ယွင်းမှု၊ အားနည်းမှုတွေကြောင့် အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းတွေမှာ လျော့ရိလျော့ရဲ ဖြစ်လာနိုင်သလို အဲဒီအားနည်းချက်တွေအပေါ် အမြတ်ထုတ်လိုကြတဲ့ မသမာသူတွေရဲ့ပယောဂတွေကြောင့်အုပ်ချုပ်ရေးယန္တရားလည်ပတ်နေမှုဟာ ပုံမှန်အနေအထားက ပျက်ယွင်းလာတတ်ပါတယ်။

အုပ်ချုပ်ရေးယန္တရားကြီး ပုံမှန်လည်ပတ်နိုင်စွမ်းမရှိလောက်အောင် အခြေအနေမျိုးပေါ်ပေါက်လာပြီဆိုရင် တရားဥပဒေစိုးမိုးရေးနဲ့ ရပ်ရွာအေးချမ်းသာယာရေးကို ထိပါးတော့မယ့် အရိပ်လက္ခဏာပဲဖြစ်ပါတယ်။ အဲဒီလိုအခြေအနေမျိုး ပေါ်ပေါက်လာပြီဆိုရင် ပေါ်ပေါက်လာတဲ့အခြေအနေကို အချိန်မီထိန်းသိမ်းဖို့ နိုင်ငံတော်သမ္မတဟာ အရေးပေါ်အခြေအနေကြေညာပေးဖို့ လိုအပ်ပါတယ်။ နယ်မြေဒေသတစ်ခုအတွက် အရေးပေါ်အခြေအနေ ကြေညာတယ်ဆိုတာဟာ နိုင်ငံအတွက်အလွန်အရေးကြီးပြီး အထူးဂရုပြုအလေးထားဆောင်ရွက်ရတဲ့ကိစ္စဖြစ်ပါတယ်။ တစ်ဦးတည်းလွယ်လွယ်ကူကူဆုံးဖြတ်ပြီး ကြေညာအပ်တဲ့ကိစ္စမျိုးမဟုတ်ပါဘူး၊ အချိန်မီအရေးပေါ်အခြေအနေ ကြေညာသင့်ပါလျက် နောက်ကျသွားခဲ့ရင် နယ်မြေဒေသတစ်ခုကနေ အခြားနယ်မြေဒေသတစ်ခုသို့ ကူးစက်ပျံ့နှံ့သွားပြီး ထိန်းမနိုင်သိမ်းမရဖြစ်တတ်သလို၊ အလွယ်တကူဆုံးဖြတ်ပြီး အချိန်မသင့်ဘဲကြေညာမိပြန်ရင်လဲ နိုင်ငံရဲ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတည်ငြိမ်မှုများကို ပျက်ပြားစေနိုင်မယ်လို့သဘောရရှိပါတယ်။ အရေးပေါ် အခြေအနေမကြေညာမီ နိုင်ငံတော်သမ္မတက မိမိတစ်ဦးတည်းရဲ့သဘောနဲ့ဆုံးဖြတ်တာထက် သက်ဆိုင်ရာ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးကိုတာဝန်ယူဆောင်ရွက်လျက်ရှိတဲ့ အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးနဲ့တိုင်ပင် ညှိနှိုင်းပြီးမှ ကြေညာခြင်းဟာ နိုင်ငံအတွက်ပိုမိုအကျိုးဖြစ်ထွန်းစေနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတဟာ အရေးပေါ်အခြေအနေမကြေညာမီ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားတဲ့ အမျိုးသားကာကွယ်ရေးနဲ့လုံခြုံရေးကောင်စီနဲ့ ကြိုတင်ညှိနှိုင်းပြီးမှ ကြေညာသင့်တယ်ဆိုတဲ့အချက်ကိုလဲ ထည့်သွင်းချမှတ်သင့်ပါတယ်၊ အဲဒီလိုကြိုတင်ညှိနှိုင်းပြီး နိုင်ငံတော်သမ္မတဟာ ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့်ထုတ်ပြန်လျက် အရေးပေါ်အခြေအနေ ကြေညာခြင်းဟာ ပိုမိုထိရောက်အကျိုးဖြစ်ထွန်းမှု ရှိမှာဖြစ်ပါတယ်။

ဒါကြောင့် တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင်ဖြစ်စေ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်ခြင်းမရှိသည့်အခါ အရေးပေါ်အခြေအနေထုတ်ပြန်ကြေညာခြင်းနဲ့စပ်လျဉ်းပြီး–

၁။ **“တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင်ဖြစ်စေ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နိုင်စွမ်းမရှိကြောင်းသိရှိလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာနိုင်သည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန်သင့်၊မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အုပ်ချုပ်ရေးယန္တရား လည်ပတ်မှုလျော့ရဲလာတာနဲ့အမျှ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေ စိုးမိုးရေး ပျက်ပြားလာမှာဖြစ်ပါတယ်။ ဒီလိုအခြေအနေမျိုးဖြစ်လာရင် နိုင်ငံတော်သမ္မတဟာ အဲဒီနယ်မြေဒေသရဲ့ အုပ်ချုပ်ရေးအာဏာကို ရယူသုံးစွဲပြီး အုပ်ချုပ်ရေးလုပ်ငန်းများ ပုံမှန်အနေအထားဖြစ်လာအောင် တရားဥပဒေစိုးမိုး၍ ရပ်ရွာအေးချမ်းသာယာပြီး တည်ငြိမ်မှုရအောင် ကြိုးပမ်းဆောင်ရွက်သွားဖို့ အထူးလိုအပ်မှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတတစ်ဦးတည်း ဒီလုပ်ငန်းတွေကို နိုင်နင်းအောင် လုပ်ကိုင်ဆောင်ရွက်ရန် မလွယ်ကူပါ၊



**အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်း ကော်မတီဝင် ဗိုလ်မှူးချုပ် မြဝင်း အမျိုးသား ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို ဖတ်ကြားတင်ပြစဉ်။**
(သတင်းစဉ်)

ဒါကြောင့် နိုင်ငံတော်သမ္မတရဲ့ ကိုယ်စားဆောင်ရွက်နိုင်ဖို့ သက်ဆိုင်ရာ နယ်မြေဒေသအလိုက် သင့်လျော်တဲ့ပုဂ္ဂိုလ်များပါဝင်တဲ့ အဖွဲ့အစည်းတစ်ရပ်ရပ် ဖွဲ့စည်းလို့ဖြစ်စေ၊ သင့်လျော်တဲ့ ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ အဲဒီလုပ်ပိုင်ခွင့်တွေ အပ်နှင်းဆောင်ရွက်စေရမှာ ဖြစ်ပါတယ်။ ဒါမှသာအုပ်ချုပ်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆက်လက်လည်ပတ်နိုင်မှာ ဖြစ်ပါတယ်။

အထက်မှာ တင်ပြခဲ့တဲ့အတိုင်း နိုင်ငံတော်သမ္မတဟာ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုနဲ့ အုပ်ချုပ်ရေးအာဏာကို ရယူသုံးစွဲရုံသာမက ဥပဒေပြုခွင့်အာဏာကိုပါ ရယူသုံးစွဲဖို့လိုအပ်ကောင်း လိုအပ်လာနိုင်ပါတယ်၊ အဲဒီလိုအရေးပေါ်အခြေအနေမျိုး ပေါ်ပေါက်တဲ့ နယ်မြေဒေသရဲ့ ဥပဒေပြုရေး အာဏာကို နိုင်ငံတော်သမ္မတက ရယူသုံးစွဲခွင့်ရှိသင့်ပါတယ်၊ ဥပဒေပြုခွင့်အာဏာဆိုရာမှာလည်း အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများနဲ့ သက်ဆိုင်တဲ့ဥပဒေပြုခွင့်အာဏာသာ ဖြစ်သင့်ပါတယ်၊ ဒါပေမယ့် ဒီလိုဥပဒေပြုခွင့် အာဏာသုံးစွဲခွင့်ပြုရာမှာ အုပ်ချုပ်ရေး အာဏာကို သုံးစွဲခွင့်ပြုသလို သင့်လျော်တဲ့ ပုဂ္ဂိုလ်တစ်ဦးဦးအား သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်အား အပ်နှင်းဆောင်ရွက်စေရန်မသင့်လျော်ဟု ယူဆပါတယ်၊ သက်ဆိုင်ရာနယ်မြေဒေသရဲ့ ဥပဒေပြုအဖွဲ့ဖြစ်တဲ့ လွှတ်တော်ကသာ ကျင့်သုံးရတဲ့ဖော်ပြပါ ဥပဒေပြုခွင့်အာဏာကို နိုင်ငံတော်သမ္မတကိုယ်တိုင် ကိုင်တွယ်ကျင့်သုံးမှသာ ပိုမိုသဘာဝကျဆီလျော်မှာ ဖြစ်ပါတယ်။

ဒါကြောင့် အရေးပေါ်အခြေအနေကြေညာထားတဲ့ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုရဲ့ အုပ်ချုပ်ရေးအာဏာနဲ့ ဥပဒေပြုရေးအာဏာတို့ကို သုံးစွဲဆောင်ရွက်ခြင်းနဲ့ စပ်လျဉ်းပြီး–

၂။ “အပိုဒ် ၁ အရ အရေးပေါ်အခြေအနေ ကြေညာသည့်ကိစ္စရပ်တွင် နိုင်ငံတော်သမ္မတသည်–

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရစီရင်စု၏ အုပ်ချုပ်ရေးအာဏာကို ရယူသုံးစွဲခွင့်ရှိသည်။ ထို့အပြင် ယင်းအုပ်ချုပ်ရေးအာဏာကို သင့်လျော်သည့် အဖွဲ့အစည်းတစ်ရပ်ရပ် ဖွဲ့စည်း၍ဖြစ်စေ၊ သင့်လျော်သည့် ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေ အပ်နှင်းဆောင်ရွက်စေနိုင်သည်၊

(ခ) ယင်းသို့ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများက ဥပဒေပြုပိုင်ခွင့်ရှိသော ကိစ္စရပ်များအနက် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များအတွက် ဥပဒေပြုခွင့်အာဏာကိုသာ ကျင့်သုံးခွင့်ရှိသည်။ သို့ရာတွင် **ဥပဒေပြုခွင့်အာဏာကိုမူ မည်သည့်အဖွဲ့အစည်း သို့မဟုတ် မည်သည့် ပုဂ္ဂိုလ်ကိုမျှ အပ်နှင်းဆောင်ရွက်စေခြင်း မပြုရ”**

လို့အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကျွန်တော်အထက်ကတင်ပြခဲ့တဲ့ ကိစ္စရပ်တွေဟာ တိုင်းဒေသကြီး တစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင်ဖြစ်စေ အုပ်ချုပ်ရေးဆိုင်ရာ လုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနဲ့အညီ ဆောင်ရွက်နိုင်စွမ်းမရှိတဲ့အခါမှာ နိုင်ငံတော်သမ္မတဟာ အရေးပေါ်အခြေအနေကြေညာပြီး မည်သို့မည်ပုံ ဆောင်ရွက်သင့်တယ်ဆိုတဲ့ အချက်များပဲဖြစ်ပါတယ်။ ဒါပေမယ့် တစ်ခါတစ်ရံ အဲဒီလို အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို လုပ်ကိုင် ဆောင်ရွက်၍ မရတော့သည့်အပြင် အဲဒီဒေသမှာရှိတဲ့ ပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ်ကိုပါ ထိပါးအန္တရာယ်ပြုမယ့် အခြေအနေမျိုးတွေ ပေါ်ပေါက်တတ်ပါတယ်။

အုပ်ချုပ်ရေး ယန္တရားလျော့ရဲတာဟာ အုပ်ချုပ်တဲ့ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများရဲ့ အားနည်းမှု၊ ချို့ယွင်းမှုတွေကြောင့် ဖြစ်နိုင်ပေမယ့် ပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်တွေကိုပါ ထိပါးအန္တရာယ်ပြုတယ်ဆိုတာဟာ အုပ်ချုပ်ရေး လျော့ရဲမှုကို အခွင့်ကောင်းယူပြီး ဘေးပယောဂတွေ ပူးကပ်ဝင်ရောက်လာလို့ပဲ ဖြစ်ပါတယ်။ “တောမီးလောင် တောကြောင်လက်ပန်းပေါက်ခတ်” ဆိုသလို နယ်မြေဒေသမတည်ငြိမ်မှုကို အခွင့်ကောင်းယူပြီး ခိုးဆိုးလုယက်လိုသူတွေဟာ အဲဒီအခြေအနေမျိုးမှာ မိမိရဲ့ကိုယ်ကျိုးစီးပွား တစ်ခုတည်းကိုသာကြည့်ပြီး ပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ်တွေကိုလုယက် ဖျက်ဆီးမှုတွေ လုပ်လာတတ်ပါတယ်။ အဲဒီအခြေအနေကို ရပ်တန့်သွားအောင်၊ တည်ငြိမ်သွားအောင် အချိန်မီမဆောင်ရွက်၊ မထိန်းသိမ်းနိုင်ဘူးဆိုရင် နိုင်ငံရဲ့လုံခြုံရေး၊ တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးတို့ကိုပါ ထိခိုက်လာစေမှာဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတဟာ ဒီလိုအခြေအနေတွေကို ထိန်းသိမ်းဖို့အတွက် အရေးပေါ်အခြေအနေကြေညာဖို့ မလွဲမသွေလိုအပ်မှာဖြစ်ပါတယ်။ အရေးပေါ်အခြေအနေ ကြေညာရာမှာ အထက်မှာ တင်ပြခဲ့သလို အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီနဲ့ ကြိုတင်ညှိနှိုင်းဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ဖို့နဲ့ နယ်မြေဒေသအတွင်း တည်ငြိမ်မှုရှိရေး၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးတို့မူလပုံမှန် အနေအထားသို့ အမြန်ပြန်လည်ရောက်ရှိဖို့ အရေးကြီးပါတယ်။ ဒါမှသာ အဲဒီဒေသရဲ့ နိုင်ငံရေး၊ စီးပွားရေးနဲ့ လုံခြုံရေးဟာ တည်ငြိမ်စိတ်ချရမှာဖြစ်သလို ပြည်သူတွေလဲ သောကကင်းဝေးစွာ နေထိုင်နိုင်ကြမှာ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတဟာ ပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ဖို့နဲ့ နယ်မြေဒေသအတွင်း တည်ငြိမ်မှုရှိရေး၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနဲ့ ကြိုတင်ညှိနှိုင်းပြီး အရေးပေါ်အခြေအနေကို ကြေညာရမှာဖြစ်ပါတယ်။ အဲဒီလို အရေးပေါ် အခြေအနေကြေညာဖို့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနဲ့ ကြိုတင်ညှိနှိုင်းတဲ့အခါ ကောင်စီဝင်အားလုံး စုံစုံညီညီရှိရင်တော့ ကောင်စီ၏ ဆုံးဖြတ်ချက်နဲ့အညီ အရေးပေါ်အခြေအနေကို အချိန်မီကြေညာနိုင်မှာ ဖြစ်ပါတယ်။ အကယ်၍ ကောင်စီဝင်များ ခရီးလွန်နေရင်သော်လည်းကောင်း၊ ကျန်းမာရေးကြောင့်လည်းကောင်း၊ အခြားကြောင်းကြောင့်လည်းကောင်း ပြည့်ပြည့်စုံစုံ အစည်းအဝေးမတက်ရောက်နိုင်ပါက အချိန်မီ ကြေညာရမယ့် အရေးပေါ် အခြေအနေကို မကြေညာနိုင်တဲ့အတွက် ပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ်ကို အချိန်မီကာကွယ်ဖို့ အချိန်နှောင့်နှေးသွားနိုင်ပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁

**တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင်ဖြစ်စေ အုပ်ချုပ်ရေးဆိုင်ရာလုပ်ငန်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက် နိုင်စွမ်းမရှိကြောင်းသိရှိလျှင် နိုင်ငံတော် သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေ ကြေညာနိုင်သည်။**

စာမျက်နှာ ၆ မှ

**သဘာပတိကြီးခင်ဗျား–**

ထို့ကြောင့် အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီအဖွဲ့ဝင်များ စုံညီစွာ မတက်ရောက်နိုင်တဲ့အခါ နိုင်ငံတော်သမ္မတဟာ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီအဖွဲ့ဝင်များဖြစ်တဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးတို့နဲ့ တိုင်ပင်ညှိနှိုင်း၍ အရေးပေါ်အခြေအနေကို ကြေညာပြီး ယင်းဆောင်ရွက်ချက်ကို အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီသို့ အမြန်ဆုံးတင်ပြ အတည်ပြုချက်ရယူသင့်ပါတယ်။ ဒါမှသာ ပြည်သူများရဲ့ အသက်အိုးအိမ်စည်းစိမ်ကို အချိန်မီကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင် ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု တစ်စုတွင်ဖြစ်စေ၊ ယင်းတို့၏တစ်စိတ်တစ်ဒေသတွင်ဖြစ်စေ ပြည်သူများ၏အသက် အိုးအိမ်စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့်အခြေအနေမျိုးပေါ်ပေါက်လျှင် နိုင်ငံတော်သမ္မတက အရေးပေါ်အခြေအနေကြေညာခြင်းနဲ့စပ်လျဉ်းပြီး–

**၃။ (က) တိုင်းဒေသကြီးတစ်ခုတွင်ဖြစ်စေ၊ ပြည်နယ်တစ်နယ်တွင်ဖြစ်စေ၊ ပြည်ထောင်စုနယ်မြေတစ်ခုတွင်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတစ်စုတွင်ဖြစ်စေ၊ ယင်းတို့၏တစ်စိတ်တစ်ဒေသတွင်ဖြစ်စေ၊ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ထိပါးအန္တရာယ်ပြုမည့် အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် သို့မဟုတ် ထိုသို့ပေါ်ပေါက်ရန် လုံလောက်သောအကြောင်းရှိကြောင်းသိရှိလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနဲ့ညှိနှိုင်းပြီး ဥပဒေကဲ့သို့အာဏာတည်သည့်အမိန့်ထုတ်ပြန်ပြီး အရေးပေါ်အခြေအနေကြေညာနိုင်သည်။**

**(ခ) အထက်အပိုဒ်ခွဲ(က)အရ နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းရာတွင် အဖွဲ့ဝင်များစုံညီစွာ တက်ရောက်နိုင်ခြင်းမရှိပါက အဖွဲ့ဝင်များဖြစ်သော တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးတို့နှင့်ညှိနှိုင်းပြီး အရေးပေါ်အခြေအနေကို အချိန်မီ ထုတ်ပြန်ကြေညာနိုင်သည်။ ယင်းသို့ထုတ်ပြန်ကြေညာချက်ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသို့ အမြန်ဆုံးတင်ပြ အတည်ပြုချက် ရယူရမည်။**

လို့ အသေးစိတ်အခြေခံရမယ့်မူချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နယ်မြေဒေသတစ်ခုရဲ့အုပ်ချုပ်ရေးလျော့ရဲလို့ ပေါ်ပေါက်လာရတဲ့ အရေးပေါ်အခြေအနေမျိုးမှာ နိုင်ငံတော်သမ္မတရဲ့ကိုယ်စား အဖွဲ့အစည်းတစ်ရပ်ရပ်၊ ပုဂ္ဂိုလ်တစ်ဦးဦးနဲ့ နယ်မြေဒေသပြန်လည်တည်ငြိမ်အောင်၊ အုပ်ချုပ်ရေးယန္တရား ပုံမှန်ပြန်လည်လည်ပတ်နိုင်အောင် လွယ်လွယ်ကူကူ ဆောင်ရွက်လို့မရနိုင်တဲ့ အခြေအနေမျိုးမှာ ပြည်သူတွေရဲ့အသက်အိုးအိမ် စည်းစိမ်ကိုပါ ထိပါးအန္တရာယ်ပြုမယ့် အခြေအနေမျိုး ထပ်မံရင်ဆိုင်လာရပြီဆိုရင် နယ်ဘက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းတွေ၊ ဝန်ထမ်းအဖွဲ့အစည်းတွေနဲ့တင် ဆောင်ရွက်ထိန်းသိမ်းလို့ရနိုင်မှာ မဟုတ်တော့ပါ။ ဒီအဖွဲ့အစည်း တွေရဲ့လုံခြုံရေးနဲ့ လုပ်ငန်းတာဝန်ဆောင်ရွက်မှုများကိုပါ ဟန့်တားနှောင့်ယှက် မှုတွေပြုလာမှာဖြစ်ပါတယ်။ နယ်မြေဒေသအလိုက် အုပ်ချုပ်ရေး၊ တရားစီရင်ရေးတာဝန်များကို ထမ်းဆောင်နေကြတဲ့ နယ်ဘက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းတွေ၊ ယင်းအဖွဲ့အစည်းဝင်တွေ၊ နယ်ဘက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းတွေ၊ ယင်းအဖွဲ့အစည်းဝင်တွေရဲ့ တာဝန်ထမ်းဆောင်နေမှုတွေကို လုံခြုံစိတ်ချစွာ ထိထိရောက်ရောက်လုပ်ကိုင်ကြဖို့အတွက် တပ်မတော်ရဲ့အကူအညီကို မလွဲမသွေ ရယူဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ ဘေးအန္တရာယ် တစ်စုံတစ်ရာကျရောက်လာရင် တပ်မတော်ရဲ့အကူအညီကို ရယူဆောင်ရွက် ကြရတဲ့သာဓကတွေအများအပြားပဲရှိပါတယ်။ ဒါကြောင့် ဒီလိုတပ်မတော်ရဲ့ ကူညီစောင့်ရှောက်မှုကိုရယူဆောင်ရွက်နိုင်စေဖို့ အသေးစိတ်အခြေခံရမယ့်မူ တစ်ရပ်ချမှတ်ထားသင့်တယ်လို့ သဘောရရှိပါတယ်။

အထက်မှာတင်ပြခဲ့သလို နိုင်ငံတော်သမ္မတဟာ အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်ရဲ့ကူညီစောင့်ရှောက်မှုနဲ့ နယ်ဘက်ဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းတွေ၊ ဝန်ထမ်းအဖွဲ့အစည်းတွေနဲ့ဆောင်ရွက်ပေးမယ့်လုပ်ငန်းဆောင်ရွက်မှုတွေဟာထိရောက်မှုမရှိဖြစ်နေမယ်ဆိုရင် ကျရောက်နေတဲ့ ဘေးအန္တရာယ်တွေဟာ လျော့ပါးသင့်သလောက် မလျော့ပါးဘူးဆိုရင် အဲဒီပေါ်ပေါက်နေတဲ့ ဘေးအန္တရာယ်တွေကိုကာကွယ်တားဆီးနိုင်ဖို့အတွက် စစ်အုပ်ချုပ်ရေးအမိန့်တစ်ရပ်ထုတ်ပြန်ဆောင်ရွက်နိုင်ဖို့ အသေးစိတ်အခြေခံရမယ့်မူအဖြစ်ချမှတ်သင့်ကြောင်းသဘောရရှိပါတယ်။ အဲဒီစစ်အုပ်ချုပ်ရေးအမိန့်ထဲမှာ စစ်အုပ်ချုပ်ရေးအာဏာပိုင်ရဲ့အုပ်ချုပ်ရေးဆိုင်ရာလုပ်ပိုင်ခွင့်နဲ့ တာဝန်တွေ၊တရားစီရင်ရေးဆိုင်ရာလုပ်ပိုင်ခွင့်နဲ့ တာဝန်တွေကိုလဲ တစ်ပါတည်းသတ်မှတ်ပေးဖို့ လိုမှာဖြစ်ပါတယ်။ ဒါမှသာ စစ်အုပ်ချုပ်ရေးအာဏာပိုင်ဟာ အုပ်ချုပ်ရေးနဲ့တရားစီရင်ရေးလုပ်ငန်းတွေကို ပီပီပြင်ပြင်၊ ထိထိရောက်ရောက် ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။

ဒါကြောင့် အရေးပေါ်အခြေအနေကြေညာချက်အကျိုးသက်ရောက်သည့်နယ်မြေဒေသအတွင်း တပ်မတော်၏ကူညီစောင့်ရှောက်မှုကိုရယူဆောင်ရွက်ခြင်း၊ လိုအပ်ပါက စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ကြေညာခြင်းတို့နဲ့စပ်လျဉ်းပြီး–

**၄။ “အပိုဒ် ၃ အရ အရေးပေါ်အခြေအနေကြေညာသည့် ကိစ္စရပ်တွင် နိုင်ငံတော်သမ္မတသည်–**

**(က) အရေးပေါ်အခြေအနေကြေညာချက် အကျိုးသက်ရောက်သည့် နယ်မြေဒေသအတွင်း မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေခြင်းငှာ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ ယင်းအဖွဲ့အစည်းဝင်များ၊ နယ်ဘက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများ၊ ယင်းအဖွဲ့အစည်းဝင်များက တည်ဆဲဥပဒေများနှင့်အညီ တာဝန်ထမ်းဆောင်ရာတွင် ထိရောက်မှုရှိစေရန် တပ်မတော်၏အကူအညီကို ရယူဆောင်ရွက်နိုင်သည်။**

**(ခ) လိုအပ်ပါကစစ်အုပ်ချုပ်ရေးအမိန့်တစ်ရပ်ထုတ်ပြန်နိုင်သည်။ ယင်းစစ်အုပ်ချုပ်ရေးအမိန့်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အုပ်ချုပ်ရေးဆိုင်ရာလုပ်ပိုင်ခွင့်နှင့် တာဝန်များကိုလည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးနှင့်သက်ဆိုင်သည့် တရားစီရင်ရေးဆိုင်ရာလုပ်ပိုင်ခွင့်နှင့် တာဝန်များကိုလည်းကောင်း သတ်မှတ်ပေးရမည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကိုမိမိကိုယ်တိုင်ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့် စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်းပြုနိုင်သည်”**

# နယ်မြေဒေသတစ်ခုအတွက် အရေးပေါ်အခြေအနေကြေညာခြင်းသည် နိုင်ငံအတွက် အလွန်အရေးကြီးပြီး အလေးထားဆောင်ရွက်ရသည့်ကိစ္စဖြစ်

လို့ အသေးစိတ်အခြေခံရမယ့် မူချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဆက်လက်ပြီး နိုင်ငံတော်သမ္မတက အရေးပေါ်အခြေအနေကြေညာရာမှာဖြစ်စေ၊ နိုင်ငံတော်သမ္မတက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား နိုင်ငံတော်အာဏာလွှဲအပ်ဆောင်ရွက်ရာမှာဖြစ်စေ ဘယ်လိုအမိန့်မျိုးနဲ့ထုတ်ပြန်သင့်တယ်ဆိုတဲ့ ကိစ္စနဲ့စပ်လျဉ်းပြီးတင်ပြပါမယ်။ နိုင်ငံတစ်နိုင်ငံမှာ အရေးပေါ်အခြေအနေကြေညာဖို့လိုအပ်လာရင် အချို့နိုင်ငံမှာ အရေးပေါ်ထုတ်ပြန်ကြေညာချက်နဲ့ ထုတ်ပြန်ကြသလို အချို့နိုင်ငံမှာ ဥပဒေကဲ့သို့အာဏာတည်တဲ့ အရေးပေါ်အမိန့်ဒီဂရီနဲ့ထုတ်ပြန်ကြတာတွေ့ရှိရပါတယ်။ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ အရေးပေါ်အခြေအနေကြေညာရာမှာ တစ်ချက်လွှတ်ဥပဒေကို ထုတ်ပြန်ပြီး ကြေညာကြောင်းလေ့လာ တွေ့ရှိရပါတယ်။ နိုင်ငံအသီးသီးဟာ မိမိတို့နိုင်ငံရဲ့အနေအထားအခြေအနေ၊ ရေမြေသဘာဝအပေါ်မူတည်ပြီး သတ်မှတ်ထားကြတာဖြစ်ပါတယ်။

အုပ်ချုပ်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် နိုင်ငံတော်သမ္မတရဲ့ တာဝန်နဲ့လုပ်ပိုင်ခွင့်များနဲ့စပ်လျဉ်းတဲ့ အသေးစိတ်အခြေခံရမယ့်မူများချမှတ်ခဲ့စဉ်က“နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတစ်ခုနှင့်တစ်ခုအကြား နိုင်ငံတော်၏ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ကိစ္စရပ်များမှအပ ချက်ချင်းအရေးယူဆောင်ရွက်ရန် လိုအပ်သော အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စရပ်များအတွက် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်(Ordinance)ကို ထုတ်ပြန်ခွင့်ရှိသည်”လို့ ဖော်ပြထားပြီးဖြစ်ပါတယ်။ ဒီအသေးစိတ် အခြေခံရမယ့်မူအရ နိုင်ငံတော်သမ္မတဟာ အရေးပေါ်အခြေအနေကြေညာရာတွင်ဖြစ်စေ၊ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်တဲ့အခါဖြစ်စေ မိမိအား အပ်နှင်းထားတဲ့ လုပ်ပိုင်ခွင့်မှာပါတဲ့အတိုင်း ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့်ဖြင့် ကြေညာထုတ်ပြန်သင့်ပါတယ်၊ ဒါမှသာ အထက်မှာတင်ပြခဲ့ပြီးဖြစ်တဲ့ အသေးစိတ် အခြေခံရမယ့်မူနဲ့ လိုက်လျောညီထွေဖြစ်မှာဖြစ်ပါတယ်၊ ဒီလိုအရေးပေါ် အခြေအနေကြေညာတဲ့ အမိန့်ထုတ်ပြန်ရာမှာ ကြေညာဖို့လိုအပ်တဲ့ နယ်မြေဒေသအတွက်သာ သတ်မှတ်ဖို့လိုသလို၊ အရေးပေါ်အခြေအနေရဲ့ အချိန်ကာလ အတိုင်းအတာကိုလဲ တစ်ပါတည်း အတိအကျ သတ်မှတ်ဖော်ပြဖို့လိုပါတယ်၊ အရေးပေါ် အခြေအနေကြေညာရာမှာ ကြေညာဖို့အကြောင်းဖြစ်ပေါ်တဲ့ နယ်မြေဒေသအတွက်သာ ကြေညာရတာဖြစ်ပါတယ်၊ အဲဒီနယ်မြေဒေသတွေမှာ အုပ်ချုပ်ရေးတာဝန်တွေ၊ တရားစီရင်ရေးတာဝန်တွေကို တပ်မတော်ရဲ့ ကူညီစောင့်ရှောက်မှုနဲ့ ဆောင်ရွက်ရတာမျိုးလဲ ရှိမှာဖြစ်ပါတယ်၊ အကျုံးမဝင်တဲ့ နယ်မြေဒေသမှာတော့ နယ်ဘက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများနဲ့ နယ်ဘက်ဝန်ထမ်းအဖွဲ့အစည်းများက ကျင့်သုံးဆောင်ရွက်ကြရပါတယ်။ နယ်မြေဒေသတိတိကျကျ သတ်မှတ်မထားရင် အုပ်ချုပ်ရေးမှာဖြစ်စေ၊ တရားစီရင်ရေးမှာဖြစ်စေ လုပ်ငန်းများဆောင်ရွက်ရာမှာ အခက်အခဲများ ကြုံတွေ့နိုင်ပါတယ်၊ အလားတူပဲ အချိန်ကာလ တိတိကျကျသတ်မှတ်မထားရင် စတင်အာဏာသက်ရောက်တဲ့နေ့နဲ့ပတ်သက်ပြီး ဥပဒေအရ အငြင်းပွားစရာအကြောင်းများ ပေါ်ပေါက်လာနိုင်ပါတယ်၊ ဒါကြောင့် နိုင်ငံတော်သမ္မတက ထုတ်ပြန်တဲ့အရေးပေါ်ကြေညာချက်ဆိုင်ရာ ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့်တွင် အကျိုးသက်ရောက်မယ့် နယ်မြေဒေသနဲ့ အချိန်ကာလတို့ကို တိတိကျကျ သတ်မှတ်ထားဖို့လိုပါတယ်။

နိုင်ငံတော်သမ္မတက နိုင်ငံမှာ အရေးပေါ်အခြေအနေကြေညာလိုက်ပြီဆိုရင် အရေးပေါ်အခြေအနေ ကြေညာခြင်းခံရတဲ့ အကျုံးဝင်တဲ့နယ်မြေဒေသရှိ ပြည်သူတွေအနေနဲ့ မူလက မိမိတို့ရရှိထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကပေးထားတဲ့ အခွင့်အရေးအားလုံးကို အပြည့်အဝ ခံစားခွင့်ရရှိနိုင်မှာမဟုတ်ပါ၊ မင်းမဲ့စရိုက်များ လွှမ်းမိုးပြီး အကြမ်းဖက်ဆူပူသောင်းကျန်းနေကြလို့ တည်ငြိမ်မှု ပြန်လည်ရရှိအောင် နယ်မြေအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုး ရေးပြန်လည်ထိန်းသိမ်းနိုင်အောင် ကြိုးပမ်းနေဆဲကာလမှာ လူဆိုးလူကောင်း ခွဲခြားရန် ခက်ခဲတဲ့အတွက် နိုင်ငံသားများ ခံစားခွင့်ရှိနေတဲ့ မူလအခွင့်အရေး တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လိုအပ်သလို ကန့်သတ်ထားရမှာဖြစ်ပါတယ်၊ ဥပမာအားဖြင့် လူများစုဝေးပြီး ဆူပူသောင်းကျန်းမှုမပြုနိုင်ရန် လူစုလူဝေးပြုလုပ်ခြင်း၊ စီတန်းလှည့်လည်ခြင်းကို မပြုလုပ်ရန် ကန့်သတ်ရမှာဖြစ်သလို၊ နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ဆူပူလှုံ့ဆော်မှုမပြုနိုင်စေဖို့ လွတ်လပ်စွာ ရေးသားခွင့်၊ ပြောဆိုခွင့်များကိုလဲ ပိတ်ပင်သင့်က ပိတ်ပင်ရမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့် ထုတ်ပြန်၍ အရေးပေါ်အခြေအနေကြေညာခြင်း၊ ယင်းအမိန့်တွင် အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေဒေသနှင့် အချိန်ကာလတို့ကို သတ်မှတ်ခြင်း၊ နိုင်ငံသားများ၏မူလအခွင့်အရေးများကို ကန့်သတ်ခြင်း သို့မဟုတ် ရပ်ဆိုင်းခြင်းတို့နဲ့ စပ်လျဉ်းပြီး–

**၅။ “နိုင်ငံတော်သမ္မတသည် ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်ထုတ်ပြန်၍ အရေးပေါ်အခြေအနေကြေညာသည့်အခါ–**

**(က) ယင်းအမိန့်တွင် အရေးပေါ်အခြေအနေ အကျိုးသက်ရောက်သည့် နယ်မြေဒေသနှင့် အချိန်ကာလတို့ကို သတ်မှတ်ဖော်ပြရမည်။**

**(ခ) လိုအပ်ပါကအရေးပေါ် အခြေအနေအကျိုးသက်ရောက်သည့် နယ်မြေဒေသအတွင်းနေထိုင်ကြသော နိုင်ငံသားများ၏ မူလအခွင့်အရေး တစ်ရပ်ရပ်တို့ ဖြစ်စေ၊တစ်ရပ်ထက်ပို၍ ဖြစ်စေလိုအပ်သလို ကန့်သတ်နိုင်သည် သို့မဟုတ် ရပ်ဆိုင်းနိုင်သည်”**

လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်သမ္မတက အရေးပေါ် အခြေအနေကြေညာရာမှာဖြစ်စေ၊ စစ်အုပ်ချုပ်ရေး အမိန့်ထုတ်ပြန်ရာမှာဖြစ်စေ ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့်ဖြင့် ထုတ်ပြန်သင့်ကြောင်း တင်ပြခဲ့ပြီးဖြစ်ပါတယ်၊ ဒီလိုနိုင်ငံတော် သမ္မတက အမိန့်ထုတ်ပြန်တာဟာ နိုင်ငံအတွက် အရေးတကြီးလိုအပ်လို့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများမရှိခိုက် အရေးပေါ်ထုတ်ပြန်ရတာ ဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်သမ္မတအနေနဲ့ မိမိထုတ်ပြန်ခဲ့တဲ့ ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့်ကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြပြီး အတည်ပြုချက်ရယူဖို့ လိုပါမယ်။ ဒါမှသာ အုပ်ချုပ်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းရှိ နိုင်ငံတော်သမ္မတရဲ့တာဝန်နှင့် လုပ်ပိုင်ခွင့်များအတွက် ချမှတ်ခဲ့တဲ့ အသေးစိတ် အခြေခံရမယ့်မူများနဲ့ကိုက်ညီမှာ ဖြစ်ပါတယ်။

နိုင်ငံတော်သမ္မတအနေနဲ့ မိမိထုတ်ပြန်ခဲ့တဲ့ အရေးပေါ်အခြေအနေ ကြေညာခြင်းဆိုင်ရာ ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့်ကို အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြအတည်ပြုချက် ရယူသင့်သလို ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပချိန် မဟုတ်ရင် ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပစေပြီး အဲဒီ အစည်းအဝေးမှာ နိုင်ငံတော်သမ္မတက တင်ပြအတည်ပြုချက်ရယူဖို့ လိုပါတယ်။ ဒီလိုအတည်ပြုချက်ရယူတာနဲ့စပ်လျဉ်းပြီး အတည်ပြုချက် ရယူရမယ့် အချိန်ကာလကို သတ်မှတ်ထားဖို့လဲ လိုပါတယ်။ အချိန်ကာလသတ်မှတ်ရာမှာ မိမိတို့ နိုင်ငံရဲ့အနေအထား၊ အခြေအနေ၊

စာမျက်နှာ ၈ ကော်လံ ၁

**အရေးပေါ်အခြေအနေကြေညာချက် အကျိုးသက်ရောက်သည့် နယ်မြေဒေသအတွင်း မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေခြင်းငှာဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ယင်းအဖွဲ့အစည်းဝင်များ၊ နယ်ဘက်ဆိုင်ရာ ဝန်ထမ်းအဖွဲ့အစည်းများ၊ ယင်းအဖွဲ့အစည်းဝင်များက တည်ဆဲဥပဒေများနှင့်အညီ တာဝန်ထမ်းဆောင်ရာတွင် ထိရောက်မှုရှိစေရန် တပ်မတော်၏အကူအညီကိုရယူဆောင်ရွက်နိုင်သည်။**

# အရေးပေါ်ကြေညာချက်ဆိုင်ရာ ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့်တွင် အကျိုးသက်ရောက်မည့် နယ်မြေဒေသနှင့် အချိန်ကာလ တိတိကျကျသတ်မှတ်ထားဖို့လို

စာမျက်နှာ ၇ မှ

နယ်မြေသဘာဝနဲ့ လိုက်လျောညီထွေဖြစ်စေမယ့် အချိန်ကာလမျိုးသာ ဖြစ်သင့်ပါတယ်။ ဒီအချက်နဲ့ စပ်လျဉ်းပြီး ၁၉၄၇ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၁၁၀၊ ပုဒ်မခွဲ (၁)နဲ့ ပုဒ်မခွဲ(၂) တို့တွင် "နိုင်ငံတော်သမ္မတသည် ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်လုံး၏ ညီလာခံမရှိခိုက် မည်သည့်အခါမျိုး၌မဆို ချက်ချင်းအရေးယူ ဆောင်ရွက်ရန် လိုအပ်သောကိစ္စများ ပေါ်ပေါက်လာသည့်အလျောက် လိုအပ်သည်ဟု ထင်မြင်သော တစ်ချက်လွှတ်ဥပဒေ(Ordinance)ကို ထုတ်ပြန်ကြေညာနိုင်သည်။ ဤပုဒ်မအရ ထုတ်ပြန်ကြေညာသော တစ်ချက်လွှတ်ဥပဒေသည် နိုင်ငံတော်သမ္မတက သဘောတူပြီးဖြစ်သော ပါလီမန်၏ အက်ဥပဒေကဲ့သို့ အကျိုးသက်ရောက်၍ အတည်ဖြစ်ရမည်"ဟုလည်းကောင်း၊ "ထိုကဲ့သို့ တစ်ချက်လွှတ် ဥပဒေတိုင်းကို ကြိုတင်နုတ်သိမ်းထားပြီး မဟုတ်လျှင် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ ၄၅ရက်အတွင်း၌ နိုင်ငံတော်သမ္မတသည် ထိုတစ်ချက်လွှတ်ဥပဒေကို ပါလီမန်ဆိုင်ရာလွှတ်တော်နှစ်ရပ်စလုံးသို့ တင်ပြရမည်။ ပြည်သူ့လွှတ်တော် ပြန်လည်စည်းဝေးသည့်နေ့မှ ၁၅ ရက် ကုန်လွန်သောအခါ၌ ဖြစ်စေ၊ လူမျိုးစု လွှတ်တော်ပြန်လည် စည်းဝေးသောနေ့မှ ၁၅ ရက် ကုန်လွန်သောအခါ၌ ဖြစ်စေ၊ နောက်ကျရာနေ့တွင်ထိုတစ်ချက်လွှတ် ဥပဒေသည် အတည်ဖြစ်နေခြင်းမှ ရပ်စဲရမည်။ သို့ရာတွင် နိုင်ငံတော်သမ္မတသည် ပါလီမန်ဆိုင်ရာ လွှတ်တော်နှစ်ရပ်စလုံး၏ သဘောတူညီချက်ဖြင့် ထိုတစ်ချက်လွှတ် ဥပဒေကို လိုအပ်သောကာလအပိုင်းအခြားအထိ ဆက်လက်အတည်ဖြစ်စေနိုင်သည်" ဟုလည်းကောင်း ပြဋ္ဌာန်းထားတာ တွေ့ရှိရပါတယ်။

၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၄ တွင် "နိုင်ငံတော်ကောင်စီသည် ပြည်သူ့လွှတ်တော်အစည်းအဝေးတစ်ခုနှင့် တစ်ခုအကြားတွင် ပုဒ်မ ၄၇ ပါကိစ္စရပ်များမှအပ အခြားကိစ္စများအတွက် လိုအပ်လျှင် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်များကို ပြဋ္ဌာန်းနိုင်ခွင့်ရှိသည်။ ယင်းအမိန့်များကို ရက်ပေါင်း ၉၀ အတွင်း ကျင်းပသော အနီးကပ်ဆုံး ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။ ယင်းအမိန့်များကို ထုတ်ပြန်ပြီးနောက် ရက်ပေါင်း ၉၀ အတွင်း ပြည်သူ့လွှတ်တော် အစည်းအဝေးကျင်းပရန်မရှိလျှင် ပြည်သူ့လွှတ်တော် အစည်းအဝေးကို ခေါ်ယူကျင်းပ၍ အတည်ပြုချက် ရယူရမည်။ ပြည်သူ့လွှတ်တော်အတည်ပြုချက်မရရှိလျှင် ယင်းအမိန့်များသည် အတည်မပြုသည့်နေ့မှစ၍ အာဏာတည်ခြင်းမှ ရပ်စဲရမည်"လို့ ပြဋ္ဌာန်းထားတာ တွေ့ရှိရပါတယ်။

အမျိုးသားညီလာခံက ချမှတ်ခဲ့ပြီးဖြစ်တဲ့ နိုင်ငံတော်သမ္မတရဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့်များနဲ့ စပ်လျဉ်းတဲ့ အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၁၁(ခ) တွင် "နိုင်ငံတော်သမ္မတက ထုတ်ပြန်ခဲ့သောဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို ရုပ်သိမ်းထားခြင်းမရှိလျှင် ယင်းအမိန့်ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၆၀အတွင်း ကျင်းပသော အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည်။ ရက်ပေါင်း ၆၀အတွင်း ပြည်ထောင်စုလွှတ်တော် အစည်းအဝေးကျင်းပရန်မရှိလျှင် ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးကို ခေါ်ယူကျင်းပစေ၍ အတည်ပြုချက်ရယူရမည်"လို့ ချမှတ်ခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီအချိန်ကာလ သတ်မှတ်ချက်အတိုင်း အသေးစိတ်အခြေခံရမယ့်မူအဖြစ် ချမှတ်မှသာ ဆက်စပ်မှုရှိပြီး လိုက်လျောညီထွေဖြစ်မှာ ဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်တဲ့ အမိန့်ထုတ်ပြန်ပြီး ကြေညာခဲ့တဲ့ အရေးပေါ်အခြေအနေများကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုရေးနဲ့ စပ်လျဉ်းပြီး–

**၆။ "နိုင်ငံတော်သမ္မတသည် အရေးပေါ်အခြေအနေကြေညာ၍ အပိုဒ် ၁နှင့် ၂အရ အရေးယူဆောင်ရွက်ချက်များကိုလည်းကောင်း၊ အပိုဒ် ၃ နှင့် ၄ အရ အရေးယူဆောင်ရွက်ချက်များကိုလည်းကောင်း အမိန့်ထုတ်ပြန်သည့်နေ့မှ–**

**(က) ရက်ပေါင်း ၆၀ အတွင်း အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြ၍အတည်ပြုချက်ရယူရမည်။**

**(ခ) ရက်ပေါင်း ၆၀ အတွင်း ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးကျင်းပရန် မရှိလျှင် ပြည်ထောင်စုလွှတ်တော် အရေးပေါ်အစည်းအဝေး ခေါ်ယူကျင်းပစေလျက် တင်ပြ၍အတည်ပြုချက်ရယူရမည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်အတွက် အရေးပေါ်အခြေအနေ ကြေညာတယ်ဆိုတာဟာ နိုင်ငံတော်အတွက် ချက်ချင်းအရေးယူဆောင်ရွက်ဖို့ လိုအပ်လာတဲ့အခါမျိုးမှာ ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့်ကို ထုတ်ပြန်ကြေညာပေးရတဲ့ သဘောဖြစ်ပါတယ်။ ဒါကြောင့်လဲ ဒီအခွင့်အာဏာကို နိုင်ငံအတော်များများမှာ နိုင်ငံတော်သမ္မတကို အပ်နှင်းထားကြခြင်းဖြစ်ပါတယ်။

ဒီလိုအမိန့်မျိုးဟာ နိုင်ငံတော်အတွက် ရုတ်တရက်ပေါ်ပေါက်လာတဲ့ အရေးပေါ်အခြေအနေကြေညာဖို့ကိစ္စအပေါ် ချက်ချင်းအရေးယူဆောင်ရွက်ဖို့ လိုအပ်လို့ နိုင်ငံတော်သမ္မတက ထုတ်ပြန်ကြေညာရခြင်းဖြစ်တာကြောင့် သတ်မှတ်ကာလအပိုင်းအခြားအတွင်း အနီးကပ်ဆုံး လွှတ်တော်အစည်းအဝေးသို့ ပြန်လည်တင်ပြပြီး အတည်ပြုချက်ရယူဖို့ လိုအပ်ပါတယ်။ အဲဒီအမိန့်ကို လွှတ်တော်က အတည်ပြုလိုက်ရင် လွှတ်တော်ကပြုတဲ့ ဥပဒေကဲ့သို့ အကျိုးသက်ရောက်မှုရှိလာပါမယ်။ အကယ်၍ ယင်းအမိန့်ကို လွှတ်တော်က အတည်မပြုခဲ့ရင်တော့ အတည်မပြုတဲ့နေ့ကစပြီး ဆက်လက်အာဏာတည်ခြင်းမှ ရပ်စဲရမှာဖြစ်ပါတယ်။

အရေးပေါ်အခြေအနေကို ဥပဒကဲ့သို့အာဏာတည်တဲ့အမိန့်ဖြင့် ထုတ်ပြန်နိုင်ခွင့်ဟာ နိုင်ငံတော်သမ္မတအား စည်းကမ်းသတ်မှတ်ချက်များနဲ့ ပေးအပ်ထားခြင်းဖြစ်ပါတယ်။ မိမိတို့ရဲ့ နိုင်ငံရဲ့အနေအထား၊ အခြေအနေ၊ ရေမြေသဘာဝတို့အပေါ်မူတည်ပြီး စည်းကမ်းချက်တွေ သတ်မှတ်ဖို့လိုအပ်ပါတယ်။ ထုတ်ပြန်ကြေညာတဲ့နေ့မှရက်ပေါင်း မည်မျှအတွင်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမယ်လို့ သတ်မှတ်ရန် လိုသလိုအချိန်ကာလ ဘယ်လောက်ကုန်ဆုံးရင် အာဏာတည်ခြင်းမှ ရပ်စဲကြောင်း ပြဋ္ဌာန်းဖို့လဲလိုပါတယ်။ ပြည်ထောင်စုလွှတ်တော်က သဘောတူရင် လိုအပ်တဲ့ကာလ အတိုင်းအတာအထိ အတည်ဖြစ်စေနိုင်သလို ပြည်ထောင်စုလွှတ်တော်က သဘောမတူရင် အဲဒီအမိန့်ဟာ အတည်မပြုတဲ့နေ့ကစပြီး အာဏာတည်ခြင်းမှရပ်စဲကြောင်း အသေးစိတ်အခြေခံရမယ့်မူအဖြစ် သတ်မှတ်ထားဖို့လိုပါတယ်။ ဒီအချက်နဲ့ပတ်သက်ပြီး နိုင်ငံတော်သမ္မတရဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့်များနဲ့စပ်လျဉ်းလို့ ချမှတ်ခဲ့ပြီးဖြစ်တဲ့ အသေးစိတ်အခြေခံရမယ့်မူ အပိုဒ် ၁၁(ဂ)တွင် "ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်မရရှိလျှင် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်သည် အတည်မပြုသည့်နေ့မှစ၍ အာဏာတည်ခြင်းမှရပ်စဲရမည်"ဟုလည်းကောင်း၊ အပိုဒ် ၁၁(ဃ)တွင် "နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်၏သဘောတူညီချက်ဖြင့် ထိုဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို လိုအပ်သောကာလ အပိုင်းအခြားအထိ ဆက်လက်အတည်ဖြစ်စေနိုင်သည်"ဟုလည်းကောင်း ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။ အဲဒီအသေးစိတ်အခြေခံရမယ့်မူများနဲ့အညီချမှတ်မှသာ ဆက်စပ်မှုရှိပြီး လိုက်လျောညီထွေမှာဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်သမ္မတကထုတ်ပြန်တဲ့ အရေးပေါ်အခြေအနေ ကြေညာခြင်းဆိုင်ရာ ဥပဒေကဲ့သို့ အာဏာတည်တဲ့အမိန့်အာဏာတည်ခြင်း၊ ကုန်ဆုံးခြင်း၊ ရပ်စဲခြင်းတို့နဲ့စပ်လျဉ်းပြီး–

**၇။ "အပိုဒ် ၆ အရ နိုင်ငံတော်သမ္မတ၏ တင်ပြချက်ကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေးက–**

**(က) အတည်ပြုလျှင် ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်သည် သတ်မှတ်ထားသည့် နေ့ရက်နှင့် အချိန်ကာလကုန်ဆုံးသည်အထိ အာဏာတည်ရမည်။**

**(ခ) အတည်ပြုသည့်အပြင် အချိန်ကာလထပ်မံ တိုးမြှင့်သတ်မှတ်လျှင် ထိုဥပဒေကဲ့သို့ အာဏာတည်သောအမိန့်သည် တိုးမြှင့်သတ်မှတ်သည့်နေ့ရက်နှင့် အချိန်ကာလကုန်ဆုံးသည်အထိ အာဏာတည်ရမည်။**

**(ဂ) အတည်မပြုလျှင် အတည်မပြုသည့်နေ့ရက်နှင့် အချိန်ကာလက စတင်၍ အာဏာတည်ခြင်းမှ ရပ်စဲရမည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အထက်မှာဖော်ပြခဲ့တဲ့အခြေအနေတွေဟာ နိုင်ငံတော်မှာ အရေးပေါ်အခြေအနေကြေညာပြီး ထိန်းသိမ်းလို့ရနိုင်မယ့်အခြေအနေမျိုးမှာ ဆောင်ရွက်နိုင်ဖို့အတွက်ပဲဖြစ်ပါတယ်။ တစ်ခါတစ်ရံမှာ နိုင်ငံတော်ရဲ့ နယ်မြေဒေသတစ်ခုခုတွင်ဖြစ်စေ၊ ဒေသအချို့တွင်ဖြစ်စေ၊ နိုင်ငံတော်တစ်ဝန်းလုံးတွင်ဖြစ်စေ ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုတွေနဲ့ နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာဆုံးရှုံးအောင် လုပ်ဆောင်တာမျိုးတွေ တွေ့ကြုံရတတ်ပါတယ်။ ဒီလိုလုပ်ဆောင်မှုကြောင့် တိုင်းပြည်ဖရိုဖရဲပြိုကွဲမယ့် ဘေးအန္တရာယ်မျိုးကြုံရသလို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပျက်ပြားပြီး သူတစ်လူငါတစ်မင်း စည်းလုံးခြင်းကင်းပြီး ဆိုးရွားတဲ့အခြေအနေမျိုးတွေလဲ ရင်ဆိုင်ကြရပါတယ်။

ပိုမိုဆိုးရွားတာက နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာဆုံးရှုံးရုံသာမက လွတ်လပ်ရေးပါဆုံးရှုံးပြီး တိုင်းတစ်ပါးနယ်ချဲ့အောက် ထပ်မံရောက်သွားနိုင်တဲ့ အခြေအနေမျိုးပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်ရဲ့ သမိုင်းစဉ်တစ်လျှောက်မှာ ဒီလိုအဖြစ်ဆိုးမျိုးတွေနဲ့ကြုံခဲ့ရတဲ့ သာဓကများလဲရှိခဲ့ပြီးဖြစ်ပါတယ်။ အဲဒီလိုအခြေအနေမျိုးပေါ်ပေါက်လာရင် နိုင်ငံတော်သမ္မတဟာ အချိန်မီအရေးပေါ် အခြေအနေကြေညာနိုင်ဖို့လို့ပါတယ်။ ဒီလိုအရေးပေါ် အခြေအနေကြေညာရာမှာ အထက်မှာတင်ပြခဲ့သလို နိုင်ငံတော်သမ္မတက မိမိတစ်ဦးတည်းရဲ့သဘောနဲ့ လုပ်ဆောင်မှုပြုတာထက် နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးကိစ္စရပ်တွေမှာ နိုင်ငံတော်သမ္မတကို အကြံဉာဏ်ပေးအထောက်အကူဖြစ်စေဖို့ ဖွဲ့စည်းထားတဲ့ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနဲ့ ကြိုတင် ညှိနှိုင်းသဘောတူညီချက်ရယူပြီးမှ ဆောင်ရွက်သင့်ပါတယ်။ အရေးပေါ် အခြေအနေကို ကြေညာရာမှာလဲအထက်မှာတင်ပြခဲ့သလို ဥပဒေကဲ့သို့ အာဏာ တည်တဲ့အမိန့်နဲ့ထုတ်ပြန်ဖို့လိုမှာဖြစ်ပါတယ်။ အဲဒီအမိန့်တွင် အရေးပေါ် အခြေအကျိုးသက်ရောက်တဲ့ နယ်မြေဒေသဟာ နိုင်ငံတစ်ဝန်းလုံးဖြစ်ကြောင်းနဲ့ အချိန်ကာလသတ်မှတ်ချက်ဟာ မည်သည့်အချိန်ကာလအထိဖြစ်ကြောင်းလဲ ထည့်သွင်းသတ်မှတ်ဖို့လိုမှာဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုစတဲ့ အဓမ္မနည်းဖြင့် ရယူဖို့ဆောင်ရွက်ခြင်း၊ ကြိုးပမ်းအားထုတ်ခြင်းကြောင့် အချုပ်အခြာအာဏာလက်လွတ်ဆုံးရှုံးတော့မယ့် အခြေအနေမျိုးပေါ်ပေါက်ရင် နိုင်ငံတော်သမ္မတက အရေးပေါ်အခြေအနေကြေညာဖို့နဲ့ စပ်လျဉ်းပြီး–

**၈။ "နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆူပူသောင်းကျန်းမှု၊ အကြမ်းဖက်မှုနှင့် အဓမ္မနည်းများဖြင့် ရယူရန်ဆောင်ရွက်ခြင်း သို့မဟုတ် ကြိုးပမ်းအားထုတ်ခြင်းကြောင့် ပြည်ထောင်စုပြိုကွဲစေမည့်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲစေမည့် သို့မဟုတ် အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးစေမည့် အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် သို့မဟုတ် ပေါ်ပေါက် ရန်လုံလောက်သော အကြောင်းတွေ့ရှိလျှင် နိုင်ငံတော်သမ္မတသည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီနှင့်ညှိနှိုင်းပြီး ဥပဒေကဲ့သို့ အာဏာတည်သည့်အမိန့် ထုတ်ပြန်၍ အရေးပေါ် အခြေအနေကြေညာနိုင်သည်။ ယင်းအမိန့်တွင် အရေးပေါ် အခြေအနေအကျိုးသက်ရောက်သည့် နယ်မြေဒေသသည် နိုင်ငံတစ်ဝန်းလုံးဖြစ်ကြောင်းနှင့် အချိန်ကာလသတ်မှတ်ချက်သည် အမိန့်ထုတ်ပြန်သည့်နေ့မှ တစ်နှစ်အထိဖြစ်ကြောင်း ဖော်ပြရမည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန်သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ဖြစ်ပါတယ်။ ။

**လိုအပ်ပါက စစ်အုပ်ချုပ်ရေး အမိန့်တစ်ရပ် ထုတ်ပြန်နိုင်သည်။ ယင်း စစ်အုပ်ချုပ်ရေးအမိန့်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား အုပ်ချုပ်ရေးဆိုင်ရာလုပ်ပိုင်ခွင့်နှင့် တာဝန်များကိုလည်းကောင်း၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးနှင့်သက်ဆိုင်သည့် တရားစီရင်ရေးဆိုင်ရာလုပ်ပိုင်ခွင့်နှင့် တာဝန်များကိုလည်းကောင်း သတ်မှတ်ပေးရမည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ယင်းလုပ်ပိုင်ခွင့်နှင့် တာဝန်များကို မိမိကိုယ်တိုင် ကျင့်သုံးဆောင်ရွက်ခြင်း သို့မဟုတ် သင့်လျော်သည့်စစ်ဘက်အာဏာပိုင်တစ်ဦးဦးကို ကျင့်သုံးဆောင်ရွက်စေခြင်းပြုနိုင်သည်။**

## မြန်မာ့ရုပ်မြင်သံကြား

**၁–၁၁–၂၀၀၆ရက်**
**(ဗုဒ္ဓဟူးနေ့)**
**နံနက်ပိုင်း**

၇း၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၀ ၅။ အတီးပြိုင်ပွဲ
၈း၀၀ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၀ ၇။ အရေးပြိုင်ပွဲ
၈း၂၀ ၈။ ပေါက်တံတား(ရေပြာ)နှင့် ပေါက်တံတား(အုန်းတော)
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ Let' s Go
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Practice in Reading
၁၆း၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရူပဗေဒအထူးပြု) [ရူပဗေဒ]
၁၇း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၁၀ ၆။ မြန်မာစာ မြန်မာစကား
၁၇း၂၀ ၇။ **"အနိုင်အရှုံး"** ပိစိ၊ ကောင်းမြတ် (ဒါရိုက်တာ–ခင်နွဲ့နွဲ့မူ)
၁၇း၂၅ ၈။ သီချင်းကြီးပဒေသာ
၁၇း၃၅ ၉။ **"နောက်မကျရအောင်"** မင်းသူ၊ ကျော်ထူး၊ မိုးပြည့်ပြည့်မောင်၊ ဒေါ်အေးအေးမြင့် (ဒါရိုက်တာ–ကြည်စိုး)
၁၇း၄၅ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈း၀၀ ၁၁။ ညနေခင်းသတင်း
၁၈း၃၀ ၁၂။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
၁၉း၀၅ ၁၄။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၉း၁၅ ၁၅။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ (အခြေခံပညာအလယ်တန်းအဆင့်)
၂၀း၀၀ ၁၆။ ပြည်တွင်းသတင်း
၁၇။ နိုင်ငံတကာသတင်းများ
၁၈။ မိုးလေဝသအခြေအနေ
၁၉။ မြန်မာ့ရုပ်ရှင် **"ရွှေခြည် ငွေခြည် တန်းပါလို့"** ညွန့်ဝင်း၊ ခင်ယုမေ၊ ချိုပြုံး (ဒါရိုက်တာ–ဦးသုခ)

● ***ကျောဖုံးမှ***

ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဦးလှဝင်း၊ ဒေါ်သီတာဆွေနှင့် ဒေါ်ကေခိုင်ဆွေတို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

ရှေးဦးစွာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မိန့်ခွန်းပြောကြားသည်။

## ဒုံမင်းအတီးပြိုင်ပွဲ

ထို့နောက်(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ အဆိုပြိုင်ပွဲ၊ အကပြိုင်ပွဲ၊ အရေးပြိုင်ပွဲနှင့် အတီး ပြိုင်ပွဲ၏ စောင်း၊ ပတ္တလား၊ စန္ဒရား၊ မြန်မာဂီတာနှင့် မယ်ဒလင်ပြိုင်ပွဲတို့၌ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူများအား ဆုများချီးမြှင့်ပြီး ရှေးဦးစွာ အတီးပြိုင်ပွဲ၏ ဒုံမင်းအတီးပြိုင်ပွဲတွင် ဆုရရှိကြသူများအား ဆုချီးမြှင့်ရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်က ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသား ဒုံမင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ ဦးတင်အောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဦးတင်ဝင်းနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မြန်မာပြည်လှိုင်မင်းတို့အား လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား ဒုံမင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးလှိုင်တင့်ဆွေ၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ ဦးမြင့်စိုး၊ တတိယ ဆုရရှိကြသော ပဲခူးတိုင်းမှ ဦးလှမြင့်နှင့် မွန်ပြည်နယ်မှ ဦးနိုင်ဦးတို့အား လည်းကောင်၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားဒုံမင်းအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်မင်းဂေါင်စိုးနှင့် ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်မျိုးသူတို့အားလည်းကောင်း၊အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် အမျိုးသား ဒုံမင်းအတီးပြိုင်ပွဲ၌ ပထမ ဆုရ ရန်ကုန်တိုင်းမှ မောင်သက်လွင်အောင်ထွန်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဇေယျာစိုးဦးနှင့် တတိယဆုရ ပဲခူးတိုင်းမှ မောင်သူရတို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀–၁၅) နှစ် အမျိုးသား ဒုံမင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ မောင်အောင်ကျော်မြင့်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်စည်သူထက်အောင်နှင့် တတိယဆုရ မကွေးတိုင်းမှ မောင်မြမိုးတို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက် (၅–၁၀)နှစ် အမျိုးသား ဒုံမင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်စံရွှေမြတ်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဖိုးသကြီန်နှင့် တတိယဆုရ စစ်ကိုင်းတိုင်းမှမောင်နေဗလကျော်တို့အားလည်းကောင်း ဆုများချီးမြှင့်ပေးအပ်သည်။



**(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဝါသနာရှင်အဆင့် (ပထမတန်း)ဝေသန္တရာဇာတ်တော်ကြီး ပြိုင်ပွဲတွင် တတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်မျိုးသူနှင့်အဖွဲ့အား ဆုချီးမြှင့်စဉ်။**(သတင်းစဉ်)

ယင်းနောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး ဒုံမင်းအတီးပြိုင်ပွဲ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းမှ ဒေါ်စိန်စိန်ရင်နှင့် ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်ရည်ဖုန်းဆွေတို့အားလည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)အမျိုးသမီး ဒုံမင်းအတီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းမှ ဒေါ်လွင်လွင်ချိုထွန်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်မြနှင်းရည်နှင့် တတိယဆုရ ပဲခူးတိုင်းမှ ဒေါ်ခိုင်ခိုင်မြင့်တို့အားလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ဒုံမင်းအတီးပြိုင်ပွဲ၌ ဒုတိယဆုရ မန္တလေးတိုင်းမှ မအေးစုမွန် အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် အမျိုးသမီး ဒုံမင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မရွှေစင်ချစ်နှင့် ဒုတိယဆုရ မန္တလေးတိုင်းမှ မခင်နီလာစိုးတို့အားလည်းကောင်း၊ အခြေခံပညာအဆင့်အသက်(၁၀–၁၅)နှစ်အမျိုးသမီး ဒုံမင်းအတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မနန်းကြာညိုကြော့၊ ဒုတိယဆုရ ပဲခူးတိုင်းမှ မသင်းသင်းဟန်နှင့်တတိယဆုရ မန္တ လေးတိုင်းမှ မဇာနည်ခိုင်တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ်အမျိုးသမီး ဒုံမင်းအတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မဖြူဖွေးသန့်အားလည်းကောင်း ဆုများချီးမြှင့် ပေးအပ်သည်။



**(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ကျင်းပရေးဦးစီးကော်မတီနာယကအဖွဲ့ဝင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အခြေခံပညာအဆင့် အသက် (၅–၁၀)နှစ် အမျိုးသား စောင်းအတီးပြိုင်ပွဲတွင် ပထမဆုရ ဧရာဝတီတိုင်းမှ မောင်သိုက်ထွန်းဇံအား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

## နှဲပြိုင်ပွဲ

ထို့နောက်ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီဝင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေက ဝါသနာရှင်အဆင့် (ပထမတန်း)နှဲပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးညွန့်ဝင်းနိုင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဦးစံအုန်းနှင့်တတိယဆုရမန္တလေးတိုင်းမှ ဦးတာနော တို့အားလည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) နှဲပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဦးစန်းလွင်၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်မျိုးမင်းသန်းနှင့် တတိယဆုရ မွန်ပြည်နယ်မှ မြန်မာပြည်ချစ်မိုးလျှံတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ်နှဲပြိုင်ပွဲ၌ ရန်ကုန်တိုင်းမှမောင်နေဝင်း(ခ)နေလင်း၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်ဇော်မျိုးဝင်းနှင့် တတိယဆုရမန္တလေးတိုင်းမှ မောင်စည်သူမျိုးတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် နှဲပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်ဇင်ဝိုင်း ၊ဒုတိယဆုရ ရန်ကုန်တိုင်းမှမောင်ထွန်းနန္ဒနှင့်တတိယဆုရ ရန်ကုန်တိုင်းမှ မောင်စိုးသီဟတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် နှဲပြိုင်ပွဲ၌ ပထမဆုရရှိကြသော ဧရာဝတီတိုင်းမှ မောင်ပြည့်ဖြိုးအောင်နှင့် မန္တလေးတိုင်းမှ မောင်ဟန်စိုး၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ချမ်းလွင်မိုးနှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ငြိမ်းဝင်းမိုးတို့အားလည်းကောင်း ဆုများချီးမြှင့်ပေးအပ်သည်။

## တယောပြိုင်ပွဲ

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင် ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်က ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသားတယောပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးခင်မောင်ရင်၊ ဒုတိယဆုရ ကချင်ပြည်နယ်မှ ဦးကြည်မောင်နှင့် တတိယဆုရ မွန်ပြည်နယ်မှ ဦးဘသက်တို့အားလည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား တယောပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ ဦးလှအောင်၊ ဒုတိယဆုရရှိကြသော ရန်ကုန်တိုင်းမှ ဦးယုမောင်နှင့်ဧရာဝတီတိုင်းမှ ဦးတင်စိုး၊ တတိယဆုရ မကွေးတိုင်းမှ ဦးတင်အုန်းတို့အားလည်းကောင်း၊ အဆင့်မြင့်ပညာ အဆင့်အမျိုးသားတယောပြိုင်ပွဲ၌ ပထမဆုရကယားပြည်နယ်မှမောင်စောထူးထူးဝေ၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်ကျော့ရှင်းနိုင်နှင့် တတိယဆုရ မန္တလေးတိုင်းမှမောင်ရဲရင့်ကိုကိုတို့အား လည်းကောင်း ဆုများချီးမြှင့် ပေးအပ်သည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ်အမျိုးသားတယောပြိုင်ပွဲ၌ပထမဆုရ ရန်ကုန်တိုင်းမှ မောင်မင်းသုခ၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်သက်လွင်အောင်ထွန်းနှင့် တတိယဆုရ ဧရာဝတီတိုင်းမှ မောင်သက်အောင်စိုးတို့အားလည်းကောင်း၊ အခြေခံပညာအဆင့်အသက်(၁၀–၁၅)နှစ် အမျိုးသား တယောပြိုင်ပွဲ၌ ပထမဆုရ ကချင်ပြည်နယ်မှ မောင်နေလင်းစိုး၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်မျိုးသီဟကို၊ တတိယဆုရရှိကြသော ရန်ကုန်တိုင်းမှ မောင်စောဂေးဒယံနှင့် ရှမ်းပြည်နယ်မှ မောင်စိုင်းသော်ဇင်လင်းတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅–၁၀) နှစ် တယောပြိုင်ပွဲ၌ ပထမဆုရမွန်ပြည်နယ်မှ မောင်မင်းသီဟအောင်၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်သွင် မင်းထက်နှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်ဟိန်းမင်းဇော်တို့အားလည်းကောင်း ဆုများချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီဝင် ဒုတိယစာရင်းစစ်ချုပ် ဒေါ်သင်းသင်းက ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး တယောပြိုင်ပွဲ၌ပထမဆုရ မွန်ပြည်နယ်မှ မနော်သူးလေဖောဝေနှင့် ဒုတိယဆုရ ဧရာဝတီတိုင်းမှ မလွင်လွင်ချိုထွန်းတို့အားလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး တယောပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မခင်ဆွေမြညွန့်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မသက်ပိုင်ကျော်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မစန္ဒာဝင်းတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် အမျိုးသမီး တယောပြိုင်ပွဲ၌ပထမဆုရ ကယားပြည်နယ်မှ မနော်ဒိုနေထူး အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက် (၁၀–၁၅)နှစ် အမျိုးသမီး တယောပြိုင်ပွဲ၌ ပထမဆုရ ကချင်ပြည်နယ်မှ မအေးလင်းသူ၊ ဒုတိယဆုရ ရှမ်းပြည်နယ်မှ မမြတ်မွန်ကိုကိုနှင့် တတိယဆုရရန်ကုန်တိုင်းမှ မခင်သီရိလွင်တို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် အမျိုးသမီး တယောပြိုင်ပွဲ၌ ပထမဆုရ မွန်ပြည်နယ်မှ မလရိပ်ဖြာနှင့် ဒုတိယဆုရ မန္တလေးတိုင်းမှ မရွှေရည်ဝင်းတို့အားလည်း ကောင်းဆုများ ချီးမြှင့်ပေးအပ်သည်။

## ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ

ထို့နောက် အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးလှမြိုင် (ပန်တျာစိန်လှမြိုင်)၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဦးကောင်းသန့်နှင့် တတိယဆု ရန်ကုန်တိုင်းမှ ဦးမျိုးဟိန်းဦး(ခ)ဟိန်းရာဇာတို့အားလည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ၌ ပထမဆုရ ပဲခူးတိုင်းမှ ဦးတင်မောင်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ သားစတင်း(ခ)ဦးကြည်နွဲ့နှင့်တတိယဆုရ စစ်ကိုင်းတိုင်းမှ ဦးစတားတို့အားလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်အောင်ဗိုလ်မင်း၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်လွင်ကိုကိုဦးနှင့် တတိယဆုရရန်ကုန်တိုင်းမှ ဦးမျိုးဇော်ဟိန်း(ခ)မျိုးဇော်အောင်တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ်အမျိုးသား ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဇော်မင်း(ခ) ဖိုးလပြည့်၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဗိုလ်ရှိန်း(ခ) တင်ထက်ပိုင်လင်းနှင့် တတိယဆုရ မန္တလေးတိုင်းမှ မောင်ခန့်ကျော်တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် အမျိုးသား ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်အောင်ဆန်းမင်း၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်ဖြိုးထက်အောင်နှင့် တတိယဆုရ မောင်ရန်ပိုင် (ခ) ပိုင်အောင်တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅–၁၀) နှစ် အမျိုးသား ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်ဖြိုးဝေသူ၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်ဇော်မင်းမောင်နှင့် တတိယဆုရ မောင်ရဲရင့်သူ(ခ) ဝေယံဦးတို့အားလည်းကောင်း ဆုများချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေက ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး ဆိုင်းတစ်ဦးချင်း ပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဒို့ဗိုလ်မ(ခ)မိုးသူဇာအေး၊ ဒုတိယဆုရ ရခိုင်ပြည်နယ်မှ ဒေါ်ခင်ခင်မြင့် နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်ခိုင်ဇာဝင်းတို့အားလည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဒို့ဗိုလ်လှ(ခ)ဒေါ်အေးသန္တာလွင်၊ဒုတိယဆုရ ပဲခူးတိုင်းမှ ဒေါ်မြမြဝင်းနှင့် တတိယဆုရ မန္တလေးတိုင်းမှဒေါ်ကြည်ကြည်စန်းတို့အားလည်းကောင်း၊အဆင့်မြင့် ပညာအဆင့် အမျိုးသမီးဆိုင်းတစ်ဦးချင်းပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မတင်ဇာအေးလွင်၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မမြင့်မြင့်သင်း(ခ) မဟန်မြင့်မြင့်လွင်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မအိအိမွန်တို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် အမျိုးသမီး ဆိုင်းတစ်ဦးချစ်းပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မဝင့်သဥ္ဇာစတင်း၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မရွှေဇင်ကလျာထက်ထက်ကျော်နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မကေဇင်ချစ်စုတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် အမျိုးသမီး ဆိုင်းတစ်ဦးချင်း ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မဇာနည်နန်းလွင်၊ ဒုတိယဆုရရှိကြသော စစ်ကိုင်းတိုင်းမှ မယမင်းထွန်းနှင့် ရန်ကုန်တိုင်းမှ မဝင်းနန္ဒာလွင်၊ တတိယဆုရပဲခူးတိုင်းမှ မဇင်မာဖြိုးတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅–၁၀) နှစ် အမျိုးသမီးဆိုင်းတစ်ဦးချင်းပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မအေးမြတ်နိုးခင်၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မဖြူနှင်းခိုင်နှင့် တတိယဆုရ မကွေးတိုင်းမှ မနှင်းအိလှိုင်တို့အားလည်းကောင်း ဆုများချီးမြှင့်ပေးအပ်သည်။



**(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီး ဒုံမင်းအတီး ပြိုင်ပွဲတွင် ပထမဆုရ မန္တလေးတိုင်းမှ ဒေါ်စိန်စိန်ရင်အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

## အိုးစည်အတီးပြိုင်ပွဲ

ထို့နောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်စိုးက ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား အိုးစည်အတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဦးအုန်းငွေနှင့်အဖွဲ့၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဦးစိန်ကုလားနှင့်အဖွဲ့နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဦးမျိုးအောင်ဦး(ခ) မောင်မောင်ဦးနှင့် အဖွဲ့တို့အားလည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသား အိုးစည်အတီးပြိုင်ပွဲ၌ ပထမဆုရရှိကြသောပဲခူးတိုင်းမှဦးကျော်ကျော်လင်း(ခ) ပတ္တမြားကုလားနှင့်အဖွဲ့နှင့် မန္တလေးတိုင်းမှ ဦးစိန်ဝဏ္ဏနှင့်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဦးအေးမင်းနှင့်အဖွဲ့နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဦးအောင်ဆန်းမင်း(ခ) အောင်ပန်းနှင့်အဖွဲ့တို့အားလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသား အိုးစည်အတီးပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ စိန်မိုက်တီးနှင့်အဖွဲ့၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်မျိုးသူနှင့်အဖွဲ့နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ညွန့်အောင်(ခ) ညိုချောနှင့်အဖွဲ့တို့အား လည်းကောင်း၊ အခြေခံပညာအဆင့်အသက်(၁၅–၂၀)နှစ် အမျိုးသား အိုးစည်အတီးပြိုင်ပွဲ၌ ပထမဆုရရှိကြသော ရန်ကုန်တိုင်းမှ မောင်ဇော်မင်း(ခ) ဖိုးလပြည့်နှင့်အဖွဲ့နှင့် မန္တလေးတိုင်းမှ မောင်ပြည့်ဖြိုးမော်နှင့်အဖွဲ့၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်သော်ဇင်ဖြိုးနှင့်အဖွဲ့နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဇော်မင်းဦးနှင့်အဖွဲ့တို့အား ဆုများချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က အခြေခံပညာအဆင့် အသက်(၁၀–၁၅) နှစ် အမျိုးသား အိုးစည်အတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်စိန်ဗိုလ်ထွား(ခ)မင်းကိုကိုနှင့်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ထက်အာကာနှင့်အဖွဲ့၊ တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ကျော်ကျော်ဗိုလ်နှင့်အဖွဲ့နှင့် အထူးဆုရ ချင်းပြည်နယ်မှ မောင်ကီးအွမ်လိမ်းတို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် အမျိုးသား ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်အောင်ခိုင်ဟိန်းနှင့်အဖွဲ့၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်ရန်နိုင်ဝင်းနှင့်အဖွဲ့နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ကျော်စိုးဟန်နှင့်အဖွဲ့တို့အားလည်းကောင်း ဆုများချီးမြှင့်ပေးအပ်သည်။

## ဒိုးပတ်အတီးပြိုင်ပွဲ

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကြည်က ဝါသနာရှင်အဆင့်(ပထမတန်း) ဒိုးပတ်အတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ ဦးစိန်ကုလားနှင့်အဖွဲ့၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဦးအုန်းငွေနှင့်အဖွဲ့နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ ဦးမျိုးအောင်ဦး(ခ) မောင်မောင်ဦးနှင့်အဖွဲ့၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) ဒိုးပတ်အတီးပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ မောင်ဇေယျာထွန်းဝေနှင့်အဖွဲ့၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ ဦးအောင်သန်းဇော်နှင့်အဖွဲ့နှင့် တတိယဆုရရန်ကုန်တိုင်းမှ မောင်ဇာနည်ဘိုနှင့်အဖွဲ့တို့အားလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် ဒိုးပတ်အတီးပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန် တိုင်းမှ မောင်အောင်ခြိမ့်နှင့်အဖွဲ့၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှစိန်ဝင်းထက်နှင့်အဖွဲ့နှင့် တတိယဆုရရန်ကုန်တိုင်းမှ မောင်ညွန့်အောင်(ခ) ညိုချောနှင့် အဖွဲ့တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် ဒိုးပတ်အတီးပြိုင်ပွဲ၌ ပထမဆုရမန္တလေးတိုင်းမှ မောင်ပြည့်ဖြိုးမော်နှင့်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဇော်မင်း(ခ) ဖိုးလပြည့်နှင့်အဖွဲ့နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဗိုလ်ရှိန်း(ခ) ထက်ထက်ပိုင်လင်းနှင့်အဖွဲ့တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် ဒိုးပတ် အတီးပြိုင်ပွဲ၌ ပထမဆုရ မန္တလေးတိုင်းမှ မောင်မင်းဟိန်းထက်နှင့်အဖွဲ့၊ ဒုတိယဆုရရှိကြသော ရန်ကုန်တိုင်းမှ မောင်ဖြိုးဝေသူနှင့် အဖွဲ့နှင့် စစ်ကိုင်းတိုင်းမှ မောင်သီဟဇော်နှင့်အဖွဲ့၊ တတိယဆုရ မန္တလေးတိုင်းမှ မောင်စိန်ဗိုလ်ထွား(ခ) မင်းကိုကိုနှင့် အဖွဲ့တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် ဒိုးပတ်အတီး ပြိုင်ပွဲ၌ ပထမဆုရ စစ်ကိုင်းတိုင်းမှ မောင်ရန်နိုင်ဝင်းနှင့်အဖွဲ့၊ ဒုတိယဆုရ ဧရာဝတီတိုင်းမှ မောင်ဇင်မျိုးထက်နှင့်အဖွဲ့နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဖွဲ့အာကာနှင့် အဖွဲ့တို့အား ဆုများချီးမြှင့်ပေးအပ်သည်။

ထို့နောက် အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ဝင်းစိန်က ဝါသနာရှင်အဆင့် (ပထမတန်း) (အမျိုးသား)ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ ဦးစိန်ကျော်လွင်နှင့်အဖွဲ့၊ ဒုတိယဆုရ ဦးရဲလင်းဗိုလ်(ခ) ထွန်းကိုကိုအဖွဲ့နှင့် တတိယဆုရ ပဲခူးတိုင်းမှ ဦးဇော်ဝင်းနှင့်အဖွဲ့တို့အားလည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) (အမျိုးသား) ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ဦးမျိုးဟိန်းဦး(ခ) ဟိန်းရာဇာနှင့် အဖွဲ့၊ ဒုတိယဆုရရှိကြသော ရန်ကုန်တိုင်းမှ ဦးအောင်မြင့်ဗိုလ်အဖွဲ့နှင့် ပဲခူးတိုင်းမှ ဆန်းသစ်အောင်(ခ) ဦးမောင်မောင်ညွန့်နှင့်အဖွဲ့၊ တတိယဆုရ မန္တလေးတိုင်းမှ ဦးရှိန်းအောင်နှင့်အဖွဲ့တို့အားလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် (အမျိုးသား) ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မောင်အောင်ဗိုလ်မင်းနှင့်အဖွဲ့၊ ဒုတိယဆုရ မန္တလေးတိုင်းမှ မောင်မျိုးသူနှင့်အဖွဲ့နှင့် တတိယဆုရရန်ကုန်တိုင်းမှ မောင်ညွန့်အောင်(ခ) ညိုချောနှင့် အဖွဲ့တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၅–၂၀)နှစ် (အမျိုးသား) ဆိုင်းအဖွဲ့လိုက် ပြိုင်ပွဲ၌ ပထမဆုရရန်ကုန်တိုင်းမှမောင်ရဲမင်းနှင့်အဖွဲ့၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်သိန်းထွန်းဦးနှင့်အဖွဲ့နှင့် တတိယဆုရရန်ကုန်တိုင်းမှ မောင်ဗိုလ်ရှိန်း(ခ) တင်ထက်ပိုင်လင်းနှင့်အဖွဲ့တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀–၁၅) နှစ် အမျိုးသားဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲ၌

***စာမျက်နှာ ၁၁ ကော်လံ ၃***

# ဝမရှိဘဲ ဝိလုပ်ကြသတဲ့

ပြောစရာတွေဖြစ်လာတော့ ပြောရဦးမှာပေါ့ ခင်ဗျာ။ အဖြစ်ကတော့ ဒီလိုပါခင်ဗျာ။ နိုင်ငံရေးပွဲစား ယောင်ယောင်၊ အသုဘပွဲစားယောင်ယောင်နဲ့ ယောင်ခြောက်ဆယ် လုပ်စားနေကြတဲ့ အသက်၄၀ကျော် ၅၀နီးပါးရှိကြတဲ့ ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင်ဆိုသူ ပုဂ္ဂိုလ်ငါးယောက်ကို သက်ဆိုင်ရာက ခေါ်ယူစစ်ဆေးမေးမြန်းနေတာနဲ့ပတ်သက်ပြီး ပြန်လွှတ်ဖို့နဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ထောက်ခံတဲ့ သဘောထား လက်မှတ်ကောက်ယူမှုဆိုပြီး အဖြူရောင်လှုပ်ရှားမှုအမည်ခံထားတဲ့ မဖြစ်ညစ်ကျယ် မဖွယ်မရာလုပ်ပွဲကို ရတ်ရတ်-ရတ်ရတ်နဲ့ လုပ်လာကြသဗျ။

ရှင်းရှင်းပြောရရင်ဗျာ ၈၈မျိုးဆက်လို့ ပြည်ပေါ်မှာ ရွှေကြော်ငြာကပ်သလို ကိုယ့်ကိုယ်ကို တံဆိပ်ကပ်ပြီး နိုင်ငံရဲ့ တည်ငြိမ်အေးချမ်းမှုကို လုပ်ကြံဖျက်ဆီးဖို့အတွက် အကွက်ချစီစဉ်နေတာကိုလဲ သက်ဆိုင်ရာက သိနေသဗျာ။ အဲဒီအခြေအနေနဲ့ အဲဒီလုပ်ရပ်တွေကို အချိန်မီ ရပ်တန်းက ရပ်ဖို့နဲ့ နိုင်ငံတော်က ဦးတည်ရည်မှန်း လုပ်ဆောင်နေတဲ့ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းတွေကို သိမြင်သဘောပေါက် နားလည်နိုင်အောင် အဲဒီ ၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင် ဆိုသူများကို သက်ဆိုင်ရာက အကြိမ်ကြိမ်ခေါ်ယူ တွေ့ဆုံ ရှင်းလင်းအသိပေးခဲ့ပါတယ် ခင်ဗျ။

သို့သော်လည်း ၈၈ မျိုးဆက်ဆိုသူများအနေနဲ့ ၈၈မင်းမဲ့စရိုက် သောင်းကျန်းမှုအမွေကို ဆက်ခံလာကြသူတွေ ဖြစ်လို့လားတော့ မသိပါဘူး။ ကျောင်းသား အမည်ခံပြီး ကျောင်းသားနဲ့ သက်ဆိုင်တဲ့ ပညာရေးနယ်ပယ်အတွက် အကျိုးရှိရာရှိကြောင်း အကြံကောင်း ဉာဏ်ကောင်းစကားဆိုလို့ တစ်လုံးတစ်ပါဒမျှ မမြွက်ဟဘဲ၊ ဘာတွေ ပြောလာသလဲဆိုရင် NLD အပါအဝင် ပြည်တွင်းပြည်ပအဖျက်သမားတွေက လုပ်ကြံဖန်တီး တောင်းဆိုနေတဲ့ (အမျိုးသားညီလာခံ ပျက်စီးရေးအတွက်) တွေ့ဆုံဆွေးနွေးရေး လုပ်ဖို့ NLD ပါတီခေါင်းဆောင် အမျိုးသမီးနဲ့ ပါတီဝင် ရာဇဝတ်အကျဉ်းသားတွေ လွှတ်ပေးဖို့ တောင်းဆိုလာကြသဗျ။ အဲသဟာအပြင် အကျဉ်းထောင်က လွတ်လာပြီး အပြင်ရောက်မှ ဇွဲပါးရောဂါနဲ့ သေဆုံးကြတဲ့ ပါတီဝင်တွေရဲ့ အသုဘကို အမြတ်ထုတ်အသုံးချတဲ့အနေနဲ့ သေဆုံးသူ ပါတီဝင်ဟာ အကျဉ်းထောင်ထဲမှာ အနှိပ်စက်ခံရလို့ ရောဂါရပြီး သေဆုံးသလိုမျိုး ပြောတာဆိုတာတွေလဲ ရှိခဲ့သလို သေဆုံးသူပါတီဝင်ရဲ့ အသုဘစရိတ်အတွက် ပြည်ပြေးဝရမ်းပြေးအဖွဲ့ကို အကြောင်းကြား တောင်းတာရမ်းတာတွေလဲ ရှိခဲ့သဗျ။

ပြောမယ်ဆိုရင်ဗျာ ၈၈မျိုးဆက်များဆိုတဲ့အတိုင်း တည်ငြိမ်အေးချမ်းနေတဲ့ နိုင်ငံတော်ရဲ့ အခြေအနေကောင်းတွေကို ၁၉၈၈ကလိုပဲ ပျက်စီးရာပျက်စီးကြောင်း လုပ်ဖို့၊ ဆူပူအုံကြွမှုဖြစ်လာဖို့၊ မင်းမဲ့စရိုက် သောင်းကျန်းမှုကြီး ဒုတိယအကြိမ်မြောက် ဖြစ်ပေါ်လာဖို့နဲ့အတူ ကျင်းပဆဲဖြစ်တဲ့ အမျိုးသားညီလာခံ ပျက်စီးသွားစေဖို့ ကျောင်းသားအမည်ခံပြီး လုပ်ကြံဖန်တီးလှုံ့ဆော်နေတာတွေကို ပေါက်စအနေနဲ့ မှန့်တီဟင်းလို အကွင်းလိုက် ရှင်းရှင်းကြီး မြင်နေရသဗျ။

စဉ်းစားကြည့်ကြပေါ့ခင်ဗျာ၊ ၈၈ မင်းမဲ့စရိုက် သောင်းကျန်းမှုကို ဒီမိုကရေစီ အရေးတော်ပုံကြီးအဖြစ် နောက်ကြောင်းပြန် ဂုဏ်ပုဒ်တွေနဲ့ လုပ်ကြံပြီး ထောမနာပြု သြဘာရတု စကားတွေပြောနေသလို တစ်ဖက်ကလဲ ပြည်ပြေးဝရမ်းပြေးတွေနဲ့ မရှင်းမရှင်း ဆက်ဆံရေးတွေနဲ့အတူ မြန်မာနိုင်ငံအကြောင်း ဘယ်သောကာလကမျှ အကောင်းမပြောတဲ့ ပြည်ပအသံလွှင့်ဌာနတွေနဲ့ တွေ့ဆုံမေးမြန်းခန်းတွေလုပ်ပြီး မြန်မာနိုင်ငံနဲ့ မြန်မာအစိုးရကို လုပ်ကြံပုတ်ခတ် သိက္ခာချနေကြတာဟာ အဲဒီအုပ်စုရဲ့ အလုပ်ဖြစ်နေသဗျာ။ ပြည်ပက သူလျှိုအဖွဲ့အစည်းတွေက ပယောဂလက်ဖွဲ့ အဆောင်အဖြစ် ပေးလိုက်တဲ့ အလကားပဲတင်း ဆုတံဆိပ်လေးရတာနဲ့ ကိုယ့်ကိုယ်ကို ကမ္ဘာကျော် ဒီမိုကရေစီသူရဲကောင်းကြီးအလား ဆောင့်ကြွားကြွားလုပ်ရင်းနဲ့ အိုးနင်းခွက်နင်း ပြဿနာတွေ ပေါ်လာတာ ဘာမှမဆန်းပါဘူးခင်ဗျာ။

အဲသလိုမျိုး နိုင်ငံတော်ရဲ့ တည်ငြိမ်အေးချမ်းနေတဲ့ အခြေအနေကောင်းတွေကို လုပ်ကြံဖျက်ဆီးဖို့အတွက် အကွက်ချပြီး ဟိုကဆွ ဒီကနဲ့ ဆိုသလို ဖွတာဆွတာ၊ နှံ့တာတွေဟာ နိုင်ငံတော်ရဲ့ ဦးတည်ရည်မှန်းရာဖြစ်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေး လမ်းကြောင်းအတွက် အနှောင့်အယှက်၊ အဖျက်အမှောင့်တွေပဲ ဖြစ်သဗျ။ အဲသလို အဖျက်အမှောင့် လုပ်ရပ်တွေကို ကျောင်းသားအရေခြုံ တံဆိပ်ကပ်ပြီး လပ်ယားလပ်ယားနဲ့ လုပ်နေတာဟာ ပေါက်စတို့အမြင်အရ ဘယ်လိုမှ လက်ခံစရာမရှိသလို နားလည် ခွင့်လွှတ်ပေးလို့လည်း မဖြစ်နိုင်ဘူးခင်ဗျာ။

အခုလဲ လုပ်ချလိုက်ပြန်ပြီဗျာ။ အဖြူရောင်လှုပ်ရှားမှုဆိုပြီး အင်္ကျီအဖြူ၊ တိုက်ပုံအဖြူဝတ်သူမှန်သမျှ သူတို့ရဲ့ တောင်းဆိုချက်တွေကို လက်ခံယုံကြည်စွာ ထောက်ခံတာ ဖြစ်သတဲ့ခင်ဗျာ။

ဘယ်လိုတွေလဲဗျာ၊ နိုင်ငံရေးအရကြည့်ရင် ဘယ်လိုမှ လူစဉ်မမီလူရာမဝင်တဲ့ မဖြစ်ညစ်ကျယ် မဖွယ်မရာ အလုပ်မျိုးကို မရှက်မကြောက် လုပ်ရဲတဲ့ သတ္တိကိုတော့ ပေါက်စစိတ်ပိန်စွာ ချီးကျူးမိတယ်ခင်ဗျ။ မြန်မာနိုင်ငံတစ်ဝန်းမှာ ရုံးဝန်ထမ်းတွေဟာ အင်္ကျီအဖြူကိုဝတ်ကြသဗျ။ တိုက်ပုံအဖြူကိုဝတ်ကြသဗျ။ အဲဒီလိုဘဲ ကျောင်းသူကျောင်းသားအများစုကလဲ အင်္ကျီအဖြူကိုဝတ်ကြသဗျ။ မြန်မာလူမျိုးတွေရဲ့ရိုးရာဓလေ့ ယဉ်ကျေးမှုနဲ့ အခြေခံစိတ်ဓာတ်ကိုက ဖြူစင်တဲ့သဘောရှိကြတော့ အဖြူရောင်ကို ရာသီမရွေး၊ နေရာဒေသမရွေး အများအားဖြင့် လိုလိုလားလားဝတ်စားဆင်ယင်ကြတယ်ဗျာ။

ရိုးရိုးလေးတွေးကြည့်ရင် ရှင်းရှင်းလေး မြင်နိုင်ပါတယ်ခင်ဗျ။ အများစုအနေနဲ့ကော၊ လုပ်ငန်းသဘာဝအရကော၊ အခြေအနေနဲ့ အချိန်ကာလအရကော အများအားဖြင့် အဖြူရောင်ကို ဝတ်စားဆင်ယင်နေကြတဲ့ မြန်မာပြည်မှာ အဖြူရောင်ဝတ်ပြီး သူတို့ရဲ့ အဖျက်အမှောင့်လုပ်ရပ်ကို ထောက်ခံကြပါတယ်ဆိုတဲ့ အဖြူရောင်လှုပ်ရှားမှု ကလိမ်ကကျစ်လုပ်ပွဲဟာ လက်ကြောမတင်းတဲ့ ကြွက်ပျင်းလို လူတန်းစားတွေရဲ့ အလုပ်မျိုးဖြစ်တယ်လို့ ပေါက်စ ပြောရင် မလွန်ပါဘူးခင်ဗျာ။

ဘယ့်နှယ့်ဗျာ၊ **ကိုယ့်ရဲ့ကိုယ်ပိုင်စည်းရုံးရေးက လုံးဝမရှိ နတ္ထိဖြစ်နေပြီး သူတို့ပြောသမျှ၊ လုပ်သမျှကို ဘယ်မြန်မာပြည်သူ တစ်ဦးတစ်ယောက်ကမျှ စိတ်ဝင်တစားမရှိကြဘဲ ကိုယ့်လုပ်ငန်းခွင်နဲ့ ကိုယ့်တာဝန်မှာ ဝတ်ဆင်နေကျ အဝတ်အဆင်နဲ့ လုပ်နေ၊ ကိုင်နေ၊ ထမ်းဆောင်နေတာကို ဘိန်းစားကျင့် ဘိန်းစားကြံနဲ့ သူတို့ကို ထောက်ခံတယ်လို့ အမြတ်ထုတ်အသုံးချပြီး ပြောနေ၊ ဆိုနေ၊ ဝါဒဖြန့်လှုံ့ဆော်နေတာဟာ ယိုသူမရှက် မြင်သူရှက်နေရတဲ့ ရှက်ကြောပြတ် အလုပ်မျိုးပဲဖြစ်**သဗျ။

## ပေါက်စ

ရှင်းရှင်းပြောရရင် အဲဒီလိုဘိန်းစားကျင့် ဘိန်းစားကြံနဲ့ ဖဲသုံးချပ်ကစားသမားလို အောက်တန်းကျတဲ့ အလုပ်မျိုး၊ အပြောမျိုး၊ အကြောမျိုးကို ဘယ်ခေတ်ကာလက ဘယ်နိုင်ငံရေးသမားမှ မပြောခဲ့၊ မလုပ်ခဲ့ဘူးခင်ဗျ။ အဆင့်အတန်းရှိတဲ့၊ သိက္ခာရှိတဲ့ နိုင်ငံရေးသမားမှန်သမျှ အခုလို အချောင်လိုက်၊ နိုင်ငံရေး ခါးပိုက်နှိုက်တဲ့ အကျင့်စရိုက်မျိုး မရှိခဲ့ပါဘူးဗျာ။

အဲ-ရှင်းရှင်းပြောရရင် ကိုယ်ပိုင်စည်းရုံးရေးမရှိဘဲ မရဲဘဲနဲ့ ကျွဲစီးပြနေတာမျိုးကို နိုင်ငံနဲ့လူမျိုးအပေါ် ရိုးသားဖြောင့်မတ်သော သဘောထားရှိတဲ့ လူပုဂ္ဂိုလ်တိုင်း၊ နိုင်ငံရေးသမားတိုင်း မလုပ်ကြဘူးဗျာ။ တစ်နည်းပြောရရင်လဲ သွားလေသူ ဝန်ကြီးချုပ်ဟောင်း ဘာသာပြန်ခဲ့တဲ့ ဒေးလ်ကာနက်ဂျီရဲ့ လူပေါ်လူဇော်လုပ်နည်းအရ လူညွန့်ချူးစားတဲ့ အလုပ်မျိုးဖြစ်လို့ နိုင်ငံနဲ့ လူမျိုးကိုချစ်တဲ့ လူပုဂ္ဂိုလ်တိုင်း၊ နိုင်ငံရေးသမားတိုင်းက နိုင်ငံရေးကျင့်ဝတ်သီလအနေနဲ့ ဝေရာမဏီ ဝေးစွာရှောင်ကြသဗျာ။

အခုတော့ဗျာ၊ ပြောတော့လဲ သူတို့ဟာ ရိုးသားတဲ့ကျောင်းသားစိတ်ရှိသတဲ့ဗျာ၊ နိုင်ငံကြီး အေးချမ်းသာယာပြီး အချင်းချင်းသင့်မြတ်ရေးအတွက် အကျိုးဆောင်တဲ့ အောင်သွယ်ကောင်းကြီးတွေတဲ့ဗျာ။ သို့ကလို မိုးပြောချိုးပြောနဲ့ ရွှေပြည်အေးသမားလိုလို ပြောနေ၊ ဆိုနေပေမယ့် လက်တွေ့ လုပ်ရပ်တွေကတော့ နိုင်ငံတော်အစိုးရကို ဆန့်ကျင်ပုတ်ခတ်တဲ့ နိုင်ငံရေးအတင်းအဖျင်းစကားဝိုင်းတွေမှန်သမျှ သွားကြလာကြ ပါဝင်ဆင်နွှဲနေကြတာကိုလဲ မမြင်ချင်အဆုံး မြင်နေရသလို၊ မကြားချင်အဆုံး ကြားနေရတယ်ဗျာ။

ထားလိုက်ဦးခင်ဗျ၊ ဘယ့်ကလောက်အရှက်နည်း သိက္ခာမဲ့သလဲဆိုရင် သူတို့ရဲ့အဖြူရောင်လှုပ်ရှားမှုကို ပြည်သူတွေက ငြိမ်းချမ်းစွာဆန္ဒပြထောက်ခံတဲ့အနေနဲ့ သူတို့ရဲ့စိတ်ထဲက ခံယူပြီးဖြစ်ကြတယ်လို့ ယုံကြည်တဲ့အကြောင်း၊ မြို့ထဲမှာ၊ ကျောင်းတွေမှာ၊ ဘက်စ်ကားတွေပေါ်မှာ၊ ဈေးတွေမှာ၊ လမ်းတွေပေါ်မှာ အဖြူရောင်တွေ ဖွေးဖွေးလှုပ်နေတာတွေ တွေ့ရလို့ အဖြူရောင်လှုပ်ရှားမှုဟာ ရာခိုင်နှုန်းပြည့် အောင်မြင်တဲ့အကြောင်း၊ ၈၈မျိုးဆက် ကျောင်းသားခေါင်းဆောင်ဆိုသူ ပုဂ္ဂိုလ်တစ်ဦးကလဲ ဘီဘီစီနဲ့ ဗျူးခန်းမှာ အရှူးချေးပန်း လုပ်ချသွားသဗျ။

ခက်တော့လဲ အခက်သားဗျ။ ပေါက်စ စောစောကပြောခဲ့သလို မြန်မာလူမျိုးတွေရဲ့ ပင်ကိုမူလ စိတ်သဘောထားအရ ဖြူစင်သန့်ရှင်းနေတော့ အဖြူရောင်ကို နှစ်နှစ်ခြိုက်ခြိုက်ဝတ်ဆင်ကြတာဟာ ဘယ်ပုဂ္ဂိုလ်၊ ဘယ်ကိစ္စ၊ ဘယ်အကြောင်းအရာကိုမျှ ထောက်ခံပြီး ဝတ်ဆင်ကြတာ မဟုတ်ဘူးလို့ ပေါက်စပြောရဲသဗျ။ ကျောင်းတွေမှာ ကျောင်းသားတွေအနေနဲ့ အဖြူရောင်အင်္ကျီဝတ်နေတာ ဟိုဘက်ခေတ်အဆက်ဆက်ထဲကဖြစ်သဗျ။ ပေါက်စတို့ အထက်တန်းကျောင်းသားဘဝမှာ တိုက်ပုံမီးခိုးရောင်၊ လုံချည်ခရမ်းရောင်၊ အင်္ကျီအဖြူရောင် ကော်လာကတုံးကို ကျောင်းဝတ်စုံအနေနဲ့ ဝတ်လာခဲ့ပါသဗျာ။ ဒီနေ့ပေါက်စရဲ့ သားသမီး၊ မြေးများအထိ ဝတ်နေကြသဗျာ။ အဲသလိုပဲ ရုံးတွေဌာနတွေမှာလဲ ဌာနဆိုင်ရာဝတ်စုံအနေနဲ့၊ အဖြူရောင်ရှပ်အင်္ကျီ၊ အဖြူရောင်တိုက်ပုံတွေကို ရုံးချိန်အတွင်း ဝတ်နေကြသဗျာ။ ဘာပဲပြောပြောပေါ့ဗျာ အဲဒီအဖြူရောင်လှုပ်ရှားမှုဆိုတဲ့ ကလိန်ကကျစ်မဖြစ်ညစ်ကျယ် နိုင်ငံရေးစတန့်လုပ်ပွဲ မလုပ်ခင်ကာလကတည်းက နေရာဌာန ဒေသအများအပြားနဲ့ လူအများစုဟာ အဖြူရောင်ကို ဝတ်စားဆင်ယင်ကြတယ်ဆိုတာ ကြိုက်သလို စစ်တမ်းကောက်ကြည့်ရင် သိနိုင်ပါတယ်ခင်ဗျာ။

သို့ကလို အဖြူရောင်ဝတ်သူမှန်သမျှ သူတို့ကို ထောက်ခံတယ်လို့ ပြောကြစတမ်းဆိုရင် လူသူမနီးတဲ့ တောကြီးတောင်ကြီးထဲမှာ လောကီအလုပ်ကို ငြီးငွေ့စက်ဆုပ်ပြီး တရားအားထုတ်နေကြတဲ့၊ ဝတ်ဖြူစင်ကြယ်ဝတ်ဆင်နေကြတဲ့ သူတော်စင်ပုဂ္ဂိုလ်များကိုလဲ သူတို့ရဲ့ အဖြူရောင်လှုပ်ရှားမှုကို ယုံကြည်ထောက်ခံတဲ့ စာရင်းထဲထည့်သွင်းရမလို ဖြစ်နေပါကလားဗျာ။ အဖြစ်ကတော့ ဘာနဲ့တူသလဲဆိုရင် “မည်းမည်းမြင်ရာ ငါ့ကျွဲချည်းပဲ”ဆိုပြီး လက်ညှိုးထိုးပြောနေတဲ့ ကျွဲသူခိုး၊ နွားသူခိုးအလုပ်ကို မရှက်မကြောက် လုပ်နေတာဖြစ်လို့ ပေါက်စက “သနားတယ်” လို့ပဲ စုတ်သပ်မြည်တမ်းမိသဗျာ။

ဘာပဲပြောပြောပေါ့ဗျာ၊ နိုင်ငံနဲ့လူမျိုးအတွက် အမှန်တကယ် စိတ်ရင်းကောင်းနဲ့ ရိုးရိုးသားသား လုပ်ကြမယ်ဆိုရင် ရိုးရိုးသားသားပြောပြီး ရိုးရိုးသားသားလုပ်ကြပေါ့ဗျာ။ အခုတော့ ပါးစပ်က နိုင်ငံနဲ့လူမျိုးအတွက်ဖြစ်တယ်လို့ အမြှုပ်ထွက်အောင်ပြောပြီး လက်တွေ့လုပ်ပြနေတာက ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်နဲ့ ပါတီအဖွဲ့အစည်းတစ်ခုကို ရှေ့တန်းတင်ပြီး ပွဲလန့်တုန်းဖျာခင်းရေးအစီအစဉ်နဲ့ နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတည်ဆောက်ရေး လုပ်ငန်းတွေပျက်စီးမယ့် အဖျက်လုပ်ရပ်တွေနဲ့အတူ နိုင်ငံကျွန်ဖြစ်ဖို့၊ ရုပ်သေးအစိုးရဖွဲ့ဖို့ လုပ်ကြံလှုံ့ဆော်နေသမျှ။ ဘယ်လိုနိုင်ငံရေးအောက်လမ်းနည်းတွေနဲ့လုပ်လုပ် ပြည်သူရဲ့ ထောက်ခံမှုကို ဘယ်သောကာလမှ မရနိုင်ပါဘူးခင်ဗျာ။ ပြည်သူရဲ့ ဆန့်ကျင်ဒဏ်ခတ်မှုကို မလွဲမသွေ ရင်ဆိုင်ကြရလိမ့်မယ်လို့ ပေါက်စ ပြောရဲတယ်ဗျာ။

တစ်ခုတော့ရှိသပေါ့ဗျာ၊ ကိုယ့်ကိုယ်ကို ပြည်သူက မထောက်ခံ မယုံကြည်တော့မှန်း သိနေမြင်နေတဲ့အတွက် ကိုယ့်အတွက် အနာဂတ်ကလဲ ဘာမျှော်လင့်ချက်မှမရှိတဲ့အတူ သေမထူး၊နေမထူးဆိုပြီး ပြည်သူတွေအပေါ် နိုင်ငံရေးအရအမြတ်ထုတ် အသုံးချတဲ့ အဖြူရောင် လှုပ်ရှားမှုဆိုတဲ့ ရတ်ရတ်-ရတ်ရတ် နိုင်ငံရေးစတန့်မျိုးဟာ ဒီနေ့လို ဒီမိုကရေစီနိုင်ငံတည်ဆောက်ရေးကာလမှာ ဘယ်လိုမှ သုံးမရဘဲ ဒိတ်အောက်နေပြီလို့ ပေါက်စ တိုးတိုးတိတ်တိတ်နဲ့ လက်တို့ပြီး သတိပေးပါရစေခင်ဗျ။

ကဲ-ပေါက်စ စကားဖြတ်ပြီး အနားသတ်ပါတော့မယ်ခင်ဗျ။ ကိုယ့်စွမ်းကိုယ့်အားနဲ့ အမှန်တရားပေါ်မှာ တည်ဆောက်ယူရတဲ့ ပြည်သူလူထုရဲ့ ယုံကြည်ထောက်ခံမှုဆိုတာ အခုလိုမျိုး အချောင်နှိုက်၊ အလစ်သုတ်၊ ဖြတ်ခုတ်၊ လှီးခွာတဲ့ခါးပိုက်နှိုက်စရိုက်မျိုးနဲ့ မရနိုင်ပါဘူးခင်ဗျာ။ ပြည်သူတွေရဲ့ နိစ္စဓူဝလုပ်ကိုင်နေထိုင်၊ ဝတ်စားဆင်ယင်နေတဲ့ ရိုးသားဖြူစင်တဲ့ အရှိတရားပေါ်မှာ အလွဲသုံးစား အမြတ်ထုတ်အသုံးချပြီး မရှိတဲ့ ကိုယ့်စည်းရုံးရေးကို အရှိလုပ်ပြီး ရတ်ရတ်နိုင်ငံရေးစတန့်ဖြစ်တဲ့ အဖြူရောင်လှုပ်ရှားမှု လုပ်ပွဲမျိုးနဲ့ **“ဝမရှိဘဲ ဝိလုပ်ပြ”**နေတာကို ပြည်သူတစ်ရပ်လုံးက ဘယ်အခါမှ ယုံကြည်ထောက်ခံကြမှာ မဟုတ်သလို ဆန့်ကျင် ဒဏ်ခတ်ကြမှာဖြစ်တဲ့အကြောင်း ပေါက်စ စလောင်းမကူဘဲ မောင်းတဒူဒူခတ်ပြီး ကြေညာအပ်ပါတယ်ခင်ဗျား။ ။

**ကိုယ့်ရဲ့ကိုယ်ပိုင်စည်းရုံးရေးက လုံးဝမရှိ နတ္ထိဖြစ်နေပြီး သူတို့ပြောသမျှ၊ လုပ်သမျှကို ဘယ်မြန်မာပြည်သူ တစ်ဦးတစ်ယောက်ကမျှ စိတ်ဝင်တစား မရှိကြဘဲ ကိုယ့်လုပ်ငန်းခွင်နဲ့ ကိုယ့်တာဝန်မှာ ဝတ်ဆင်နေကျ အဝတ်အဆင်နဲ့ လုပ်နေ၊ ကိုင်နေ၊ ထမ်းဆောင်နေတာကို ဘိန်းစားကျင့် ဘိန်းစားကြံနဲ့ သူတို့ကို ထောက်ခံတယ်လို့ အမြတ်ထုတ်အသုံးချပြီး ပြောနေ၊ ဆိုနေ၊ ဝါဒဖြန့်လှုံ့ဆော် နေတာဟာ ယိုသူမရှက်မြင်သူရှက်နေရတဲ့ ရှက်ကြောပြတ်အလုပ်မျိုးပဲဖြစ်။**




## ရဲရွာရေအားလျှပ်စစ် စီမံကိန်းကြည့်ရှု

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေး လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

❐ **ကျောဖုံးမှ**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည်ရှုရပ်မှနေ၍ R.C.C Dam တည်ဆောက်နေမှု၊ ဝဲဘက်ကမ်းမှနေ၍ အဆင့် 3B1 R.C.C ကွန်ကရစ်သွန်းလောင်းနေမှုနှင့် စက်ယန္တရားကြီးများဖြင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများကရှင်းလင်းပြသကြသည်။

**မှာကြား**

ထိုမှ တစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရဲရွာ–ကျောက်ဆည် ကားလမ်းရှိ စဉ့်ကိုင်မြို့နယ် နတ်ရေကန်ကျေးရွာအနီး ချည်မျှင်ရှည်ဝါမျိုးသန့် စိုက်ပျိုးရေးဇုန်သို့ ရောက်ရှိကြရာ မြန်မာ့ဝါနှင့်ပိုးချည်လုပ်ငန်း မန္တလေးတိုင်း မန်နေဂျာ ဦးမြင့်ဆွေက မိုးနှောင်းချည်မျှင်ရှည်ဝါ ငွေချည်(၂) စိုက်ခင်းများ၌ ဝါများသီးပွင့် အောင်မြင်ဖြစ်ထွန်းနေပြီး စတင်ကောက်သိမ်းရန် အဆင်သင့်ဖြစ်နေမှုအခြေအနေများကို ရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မျိုးကောင်းမျိုးသန့် ဝါများ တိုးချဲ့စိုက်ပျိုးရေး၊ ပန်းတိုင်အထွက်နှုန်းရရှိအောင် ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

**အချိန်မီဆောင်ရွက်**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကျောက်ဆည်၊ မိတ္ထီလာနှင့် ရမည်းသင်းခရိုင်ချင်းဆက်အမှတ်(၂)လမ်းရှိသံရွာတံတား (နောင်ခမ်း) တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ရောက်ရှိကြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၁၂)မှ အင်ဂျင်နီယာမှူး ဦးစိုးမင်းက တံတားအုတ်မြစ်လုပ်ငန်း၊ ရေလယ်တိုင်၊ တံတားတိုင်နှင့် ရက်မလုပ်ငန်း၊ တံတားကြမ်းခင်း A1/ P1/A2/ P2 တို့ကွန်ကရစ်လောင်း လုပ်ငန်းများပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တံတားကို အရည်အသွေး ပြည့်မီစွာ ဆောင်ရွက်ရေး၊ သတ်မှတ်ချိန်အမီပြီးစီးအောင်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထိုမှ တစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် စဉ့်ကိုင်မြို့နယ် အုန်းပင်ခြံ ကျေးရွာအနီးရှိ ကွင်းအမှတ်(၆၉) မိုးစပါး ၁၀၂ ဧကစိုက်ခင်းသို့ ရောက်ရှိကြရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ မန္တလေးတိုင်း မန်နေဂျာ ဦးအောင်ကြင်က ယခင်မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေလွှမ်းမိုးသည့် စပါးခင်းများကို ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဇီဝစူပါ၊ ယူရီးယားနှင့်ဓာတ်မြေဩဇာများ ကြဲပက်ခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

**အစားထိုး**

စဉ့်ကိုင်မြို့၌ ယခုနှစ် မိုးစပါး ၄၁၅၀၈ဧကေ စိုက်ပျိုးခဲ့ရာ ၇၇၀၅ဧကေ ရေလွှမ်းမိုးခဲ့သော်လည်း ၁၅၈၃ဧကသာ ထိခိုက်မှုရှိပြီး ၎င်းဧကများ၌ ကုလားပဲသီးနှံအစားထိုး စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

**စာမျက်နှာ ၉ မှ**

ပထမဆုရရန်ကုန်တိုင်းမှ မောင်ထက်အာကာနှင့်အဖွဲ့၊ ဒုတိယဆုရ စစ်ကိုင်းတိုင်းမှ မောင်ရတနာထွန်းနှင့် အဖွဲ့နှင့် တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဇေသဲမောင်နှင့်အဖွဲ့တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် အမျိုးသားဆိုင်းအဖွဲ့လိုက် ပြိုင်ပွဲ၌ စစ်ကိုင်းတိုင်းမှ မောင်ဇော်မင်းမောင်နှင့်အဖွဲ့၊ ဒုတိယဆုရရှိကြသော မန္တလေးတိုင်းမှ မောင်အောင်ခိုင်ဟိန်းနှင့် အဖွဲ့နှင့် ဧရာဝတီတိုင်းမှ မောင်ကိုကိုနိုင်နှင့်အဖွဲ့၊ တတိယဆုရ ရန်ကုန်တိုင်းမှ မောင်ဖြိုးဝေသူနှင့်အဖွဲ့တို့အား ဆုများ ချီးမြှင့်ပေးအပ်သည်။

**ဆုများချီးမြှင့်**

ယင်းနောက် ဒုတိယရှေ့နေချုပ် ဦးမြင့်နိုင်က ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသမီးဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲ၌ ပထမဆုရမန္တလေးတိုင်းမှ ဒို့ဗိုလ်မ(ခ)မိုးသူဇာအေးနှင့်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ ဒေါ်ခိုင်ဇာဝင်းနှင့်အဖွဲ့နှင့် တတိယဆုရ မန္တလေးတိုင်းမှ ဒေါ်ညိုညိုစိမ့်နှင့်အဖွဲ့တို့အား လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးဆိုင်းအဖွဲ့ လိုက်ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ ပေါက်ကျော်မနှင့်အဖွဲ့၊ ဒုတိယဆုရ မန္တလေးတိုင်းမှ ဒေါ်ကြည်ကြည်စန်းနှင့်အဖွဲ့နှင့် တတိယဆုရ မန္တလေးတိုင်းမှ ဒေါ်နုနုလွင်နှင့်အဖွဲ့တို့အားလည်းကောင်း၊အဆင့်မြင့်ပညာအဆင့် အမျိုးသမီးဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲ၌ ပထမဆုရ ဧရာဝတီတိုင်းမှ မအေးစုမာနှင့်အဖွဲ့၊ဒုတိယဆုရ ရန်ကုန်တိုင်းမှ မအိအိမွန်နှင့်အဖွဲ့၊ တတိယဆုရရှိကြသော ရန်ကုန်တိုင်းမှ မသင်းစုလွင်နှင့်အဖွဲ့နှင့် မွန်ပြည်နယ်မှ မချောစုလှိုင်နှင့်အဖွဲ့တို့အား ဆုများချီးမြှင့်ပေးအပ်သည်။

ထို့နောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင် ဦးစိုးဦးက အခြေခံပညာအဆင့်အသက်(၁၅–၂၀)နှစ် အမျိုးသမီးဆိုင်းအဖွဲ့လိုက် ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မဝင့်သဉ္ဇာစတင်းနှင့်အဖွဲ့နှင့် ဒုတိယဆုရ မန္တလေးတိုင်းမှ မစပယ်ဖွေးနှင့် အဖွဲ့တို့အားလည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၁၀–၁၅)နှစ် အမျိုးသမီးဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မနန္ဒာဝင်းဗိုလ်နှင့်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မအေးမြတ်နိုးခင်နှင့်အဖွဲ့နှင့် တတိယဆုရ မန္တလေးတိုင်းမှ မခင်ခင်ဘိုနှင့်အဖွဲ့တို့အား လည်းကောင်း၊ အခြေခံပညာအဆင့် အသက်(၅–၁၀)နှစ် အမျိုးသမီးဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲ၌ ပထမဆုရ ရန်ကုန်တိုင်းမှ မချစ်စုဝေစတင်းနှင့်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်းမှ မပိုးအိစံနှင့် အဖွဲ့နှင့် တတိယဆုရ မန္တလေးတိုင်းမှ မဖြူဖွေးသန့်နှင့် အဖွဲ့တို့အားလည်းကောင်း ဆုများ ချီးမြှင့်ပေးအပ်ပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

## ဒို့ပြည် ဒို့ခရီး ဒို့ဖန်တီးမည်

အို–––ကြည့်လိုက်စမ်းပါ
မြန်မာပြည်တစ်ဝန်း၊ တစ်ခေတ်ဆန်းလျက်
ချစ်ပန်းဝတ်မှုန်၊ ဆွတ်ပျံ့ထုံပြီ
ဆောက်အုံမြင့်မား၊ တိုက်တာများနှင့်
တံတားအသစ်၊ လမ်းအသစ်နှင့်
အသစ်တည်ထောင်၊ ပြည့်ဂုဏ်ဆောင်ပြီး
နေရောင်လရိပ်၊ ငြိမ်းချမ်းစိတ်ဖြင့်
အိပ်လော့ပြည်သူ၊ နားခိုမူလော့
ကြူလော့ပန်းဦး၊ ကြိုက်ရာခူး၍
ညွှတ်နူးရွှင်ပျ၊ ပန်ဆင်ကြလော့
ဘဝကိုယ်စီ၊ လှကိုယ်စီဖြင့်
ဒို့ပြည် ဒို့ခရီး၊ ဒို့ဖန်တီးရန်
စုစည်းမပြတ်၊ ညီညွတ်လတ်အောင်
စိတ်ဓာတ် စည်းကမ်း ကြံ့ခိုင်ကြ။
စည်းလုံးခြင်းသည် အဓိက။
ပြည်ထောင်စု၏ အားမာန်ပြ။
အသင်းကြီးကို ကြိုဆိုကြ။
ပြည်သူအားလုံး၏ ဆန္ဒ။ ။

(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးအားဂုဏ်ပြုလျက်–)

**ခွန်ရဲသွေး(အေးသာယာ)**

## သီတဂူသာသနာ့ဗိမာန် အလှူတော်တရားပွဲ

**ရန်ကုန် အောက်တိုဘာ ၃၁**

စစ်ကိုင်းတောင်ရိုး သီတဂူဗုဒ္ဓ တက္ကသိုလ် အဓိပတိအဂ္ဂမဟာပဏ္ဍိတ သီတဂူဆရာတော် အရှင်ဉာဏိဿရ (D. Litt)(Ph.D)၏ သီတဂူသာသနာ့ဗိမာန်အလှူတော်တရားပွဲကို နိုဝင်ဘာ ၄ရက်(တန်ဆောင်းမုန်းလပြည့်နေ့)ည ၇နာရီတွင် သုဝဏ္ဏမြို့ ၂၉ရပ်ကွက် ကောက်လျှင်လမ်း၌ ကျင်းပမည် ဖြစ်ကြောင်း သိရသည်။ **(က–ပ)**



**အောက်တိုဘာ ၂၉ ရက်က ပြင်သစ်နိုင်ငံ ပဲရစ်မြို့မှ အမျိုးသားကဇာတ်ရုံ အကြံပေးပုဂ္ဂိုလ် Mr. Jacque Lancien Erwan (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ၏ စွမ်းရည်ပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုလေ့လာစဉ်။** (သတင်းဖော်ပြပြီး) (သတင်းစဉ်)



**အောက်တိုဘာ ၂၈ရက်က မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီမှ ဂုဏ်ပြုချီးမြှင့် ငွေရရှိခဲ့သော ပန်းဘဲတန်းမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ အသက် ၇၅နှစ်အထက် စစ်မှုထမ်းဟောင်း အဖွဲ့ဝင်တစ်ဦးအား မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဥက္ကဋ္ဌ ဗိုလ်မှူးထွန်းမြင့် (ငြိမ်း)က ဂုဏ်ပြုငွေပေးအပ်စဉ်။**

(သတင်းစဉ်)

## လှိုင်မြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်၊ ကလောမြို့နယ်နှင့် မြင်းခြံမြို့နယ်များ၌ မီးလောင်မှုများဖြစ်ပွားခဲ့

**ရန်ကုန် အောက်တိုဘာ ၃၁**

အောက်တိုဘာ၂၇ရက်တွင်ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁)ရပ်ကွက် ရွာမကျောင်းလမ်းနှင့် အောင်မင်္ဂလာ(၁)လမ်းထိပ် အမှတ်(၁၄)ပိုင်ရှင် ဦးထွန်း(မုန့်မျိုးစုံကုန်မာဆိုင်)တွင် မီးအားမြှင့်စက် အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားသဖြင့် ငွေကျပ်သုံးသိန်းဖိုးခန့် ဆုံးရှုံးခဲ့သည်။

အလားတူ အောက်တိုဘာ ၂၇ရက်တွင်လည်း ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ် မီးသတ်စခန်းနှင့် ခုနစ်မိုင်လေးဖာလုံခန့်ကွာဝေးသော ရေယားရွာအနီးတွင် ယာဉ်မောင်း ဦးပြေအေးမောင်းနှင်သော ယာဉ်အမှတ် (၂ခ/၁၅၆၄) နီဆန်း ခြောက်ဘီးကားမှောက်၍ ချောက်ထဲကျပြီး မီးလောင်မှုကြောင့် ငွေကျပ်သိန်း ၅၀ဖိုးခန့် ဆုံးရှုံးခဲ့သည်။

ထို့အတူအောက်တိုဘာ ၂၈ရက်တွင် ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန် ရပ်ကွက် လေးထောင့်ကန်လမ်းရှိ အစိုးရဝန်ထမ်းများ သမဝါယမအသင်း (ဂျီအီးစီ)ပိုင်ဆိုင်ခန်း ခြောက်ခန်းတွဲ၌ မီးကြွင်းမီးကျန်မှကူးစက်ပြီး မီးလောင်မှုကြောင့် ငွေကျပ် ၈၂သိန်းဖိုးခန့် ဆုံးရှုံးခဲ့ပြီး လူတစ်ဦး သေဆုံးခဲ့သည်။

**မီးစက်နှိုးရာမှ**

ထို့ပြင် အောက်တိုဘာ၂၈ ရက်တွင် မန္တလေးတိုင်း မြင်းခြံမြို့နယ် နယ်မြေ(၄) အမှတ်(၆) ရပ်ကွက်နေ ဦးနန်းအောင်၏ အိမ်တွင် မီးစက်နှိုးရာမှ ထရံသို့ကူး၍ မီးလောင်မှုကြောင့် ငွေကျပ်တစ်သိန်းဖိုး ခန့် ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ပျဉ်းမနားမြို့နယ်အသင်း ကထိန်သင်္ကန်းဆက်ကပ်

**ရန်ကုန် အောက်တိုဘာ ၃၁**

ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)၏ (၁၀)ကြိမ်မြောက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို တာမွေမြို့နယ် နတ်ချောင်းရပ်ကွက်ရှိ ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက်တွင် အောက်တိုဘာ ၂၉ရက် နံနက် ၉ နာရီက ကျင်းပရာ ဘင်္ဂလားဒေ့ရှ်ဆရာတော် ဘဒ္ဒန္တပညာတိလောကအား အမှူးထား၍ အသင်းနာယကဝန်ထမ်း ရွှေချယ်လေ့ကျင့်ရေးအဖွဲ့အဖွဲ့ဝင် ဦးလှမြင့်ဦးနှင့် နာယကများ၊ အလုပ်အမှုဆောင်များ၊ အသင်းသူ၊ အသင်းသားများ တက်ရောက်သည်။

### ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တစန္ဒာသီရိထံမှ ငါးပါးသီလ ခံယူပြီးနောက် ဆရာတော်ကြီးနှင့် ပျဉ်းမနားကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒနှင့်သံဃာတော်များအား နာယကနှင့် အဖွဲ့က ဆွမ်းနှင့် ကထိန်သင်္ကန်း လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ **(အပေါ်ပုံ)**

### လက်ခံ

ဆက်လက်၍ ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်) ပညာရည်ချွန်ဆုပေးပွဲအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ ဦးစိုးတင့်- ဒေါ်ရီရီမာ (စိုးလျှပ်စစ်)က အလှူငွေ ကျပ် ၁၀သိန်းနှင့် အခြား အလှူရှင်များ၏ လှူဒါန်းငွေ စုစုပေါင်း ၁၆၆ ၀၀၀၀ကို အသင်းနာယကများနှင့် အသင်းဥက္ကဋ္ဌတို့က လက်ခံသည်။

### ပညာရည်ချွန်ဆုပေး

ထို့နောက် ပညာရည်ချွန်ဆုပေးပွဲကို ဆက်လက်ကျင်းပရာ အသင်းသူ၊ အသင်းသားများ၏ သားသမီးများအနက်မှ ပါရဂူဘွဲ့၊ ဒေါက်တာဘွဲ့ရရှိသူတစ်ဦးအား ဂုဏ်ပြုဆုလက်မှတ်ကိုလည်းကောင်း၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ထူးချွန်စွာ အောင်မြင်ကြသည့် ခြောက်ဘာသာ ဂုဏ်ထူးရှင်နှစ်ဦး၊ ငါးဘာသာ ဂုဏ်ထူးရှင်တစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင်နှစ်ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင်သုံးဦးတို့ကိုလည်းကောင်း ပညာရည်ချွန်ဆုများ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရွှေတိဂုံစေတီတော် လပြည့်နေ့ ရေသန့်ဘူးများ ဒါနပြုမည်

**ရန်ကုန် အောက်တိုဘာ ၃၁**

၁၃၆၈ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့(နိုဝင်ဘာ၄ရက်)တွင်ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ သောကြာထောင့် မြောက်ဘက်မုခ်စောင်းတန်းအနီး ဝေနေယျသုခ ဓမ္မာရုံနှင့်ရွှေတိဂုံစေတီတော်အလယ်ပစ္စယာစောင်းတန်းလေးသွယ်တို့အနီးမှ နေ၍ ဝေနေယျသုခ ရေချမ်းစင်အသင်း (၁၀၁)နှစ်ပြည့် အထိမ်းအမှတ် သောက်ရေသန့်ဘူးပေါင်း သုံးသောင်း ငွေကျပ်၂၁သိန်းဖိုးကို တစ်နေကုန် စတုဒိသာ ဒါနပြုလှူဒါန်းမည်။ ယခုအထိ သောက်ရေသန့်ဘူးပေါင်း ခုနစ်သိန်း လှူဒါန်းရပြီးရာသက် ပန်သောက်ရေသန့် ရေပဒေသာပင် တစ်ပင်လျှင် ငွေကျပ်တစ်သောင်း နှုန်းဖြင့် လှူဒါန်းနိုင်ရန် ဖုန်း-၃၈၁၇၃၆ နှင့် ဖုန်း-၃၈၃၅၁၁-လိုင်းခွဲ ၁၇၁တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်ဟုသိရသည်။ **(သတင်းစဉ်)**



**အောက်တိုဘာ ၃၁ရက်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်နှင့် ဇနီးဒေါ်ကျင်ခိုင်တို့ (၁၄)ကြိမ်မြောက် မဟာဘုံကထိန် အလှူတော်မင်္ဂလာအခမ်းအနားတွင် ဆရာတော်ထံ ကထိန်သင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။**

(နယ်စပ်/စည်ပင်)

## မန္တလေး အထွေထွေရောဂါကုဆေးရုံကြီးဝင်းအတွင်း ကတ္တရာလမ်းခင်းရန် အလှူငွေစုပေါင်း လှူဒါန်းပွဲအခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၃၁

**မန္တလေး အထွေထွေရောဂါကု ဆေးရုံကြီးဝင်းအတွင်း ကတ္တရာလမ်းခင်းရန် အလှူငွေစုပေါင်းလှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၂၃ရက်တွင် ယင်းဆေးရုံကြီး၏ ဆေးရုံအုပ်ကြီးရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးအထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာမောင်ဝင်း၊ ဆေးရုံအုပ်ဒေါက်တာစိုးမြတ်ဆွေ၊ ဒုတိယဆေးရုံအုပ် ဒေါက်တာတင်တင်မိုး၊ ဌာနမှူး(အုပ်ချုပ်ရေး)ဒေါ်အေးအေးမြတ်၊ သူနာပြုအုပ်ဒေါ်ခင်ရည်၊ ဦးစီးအရာရှိ ဒေါ်ချိုချိုမာနှင့်ဝန်ထမ်းများ၊ အလှူရှင်များနှင့် မိသားစုများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

### ကျေးဇူးတင်စကား

ရှေးဦးစွာ မန္တလေးအထွေထွေရောဂါကု ဆေးရုံအုပ်ကြီးက လမ်းခင်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အလှူရှင်များအား ကျေးဇူးတင်စကားပြောကြားသည်။

### ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ယင်းနောက် အလှူငွေများကိုပေးအပ်ကြရာ ဦးချစ်ဆွေ၊ဒေါ်ရင်မေ မိသားစုက ငွေကျပ်ခြောက်သိန်း၊ ဒေါက်တာတင်မောင်လင်း၊ဒေါက်တာသက်သက်ဆွေတို့က ငွေကျပ်နှစ်သိန်း၊ ဒေါက်တာစိုးဦးမော် (တွဲဖက်ပါမောက္ခ)က ငွေကျပ် နှစ်သိန်း၊ ဒေါက်တာစိုင်းထွန်းဖေ (အရိုးအထူးကုဆရာဝန်ကြီး)က ငွေကျပ် နှစ်သိန်း၊ ဗိုလ်ကြီးမြင့်အေး၊ ဒေါ်ခင်မာဝင်း (သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ မန်နေဂျာ-မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း) ပျဉ်းမနား၊ ဒေါက်တာဝင်းနိုင်-ဒေါက်တာ တင်အေးခိုင်မိသားစု၊ ဦးတင်ထွန်းအောင်-ဒေါ်ခင်မျိုးတင့်(ကျောက်ပန်းတောင်းမြို့)၊ ဦးကျော်ဝင်း- သီဟသုဓမ္မသိင်္ဂီဒေါ်သွင်သွင်(သစ္စာစေတနာ)၊ ဒေါက်တာဝင်းမြင့်- ဒေါက်တာယုယုဝေ(တော်ဝင်ဆေးတိုက်)၊ ဦးခင်မောင်ဖေ-ဒေါ်တင်တင်နွဲ့(ရွှေလမင်း စက်မှုလက်မှု)နှင့် ဦးမြစန်း-ဒေါ်ညွန့်ရှိန်မိသားစုက ငွေကျပ်တစ်သိန်းစီ၊ ဒေါက်တာညွန့်ရွှေ-ဒေါ်ခင်ခင်သီ မိသားစုတို့က ငွေကျပ်ငါးသောင်း၊ ဦးလှမင်း-ဒေါ်လှလှဝင်း (တိုင်းချစ်အောင် ကားပစ္စည်း)၊ ဦးဖေသိန်း-ဒေါ်ကျင်ယု၊ ဦးစိုးဝင်းမြင့်-ဒေါ်နွဲ့နွဲ့ဦး၊ ဦးကျော်မျိုးထွန်း-ဒေါ်ရီရီစု၊ ဦးမောင်မောင်-ဒေါ်ခင်ဌေး၊ ဦးသန်းဝင်း-ဒေါ်ကြည်ကြည်သန်း၊ ဦးမောင်ကို-ဒေါ်ဝေဝေ၊ ဦးအောင်သိန်းဦး-ဒေါ်တင်တင်အေးနှင့် ဦးစိုးလွင်-ဒေါ်ခင်သက်မာတို့က ငွေကျပ်ငါးသိန်းတို့ကိုအသီးသီးလှူဒါန်းကြပြီး ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက လက်ခံကြကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

### အပြီးဆောင်ရွက်

အဆိုပါ ကတ္တရာလမ်း၏အကျယ်မှာ ၁၆ပေရှိ၍ အလျားမှာ ပေ ၂၅၀၀ ရှိပြီး ကုန်ကျငွေမှာ ကျပ်သိန်း၂၃၀ဖြစ်သည်။ ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းများကို အောက်တိုဘာ၂၃ရက်မှ စတင်ဆောင်ရွက်နေပြီ ဖြစ်ရာ တစ်လအတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်သည်။

ယနေ့တွင် အလှူရှင် ၂၁ဦးတို့၏ စုစုပေါင်း လှူဒါန်းငွေမှာ ငွေကျပ် နှစ်ဆယ့်လေးသိန်း ငါးသောင်းဖြစ်ပြီး လှူဒါန်းငွေစုစုပေါင်းမှာငွေကျပ် ၈၅သိန်း ရရှိပြီး ဖြစ်သည်။

လှူဒါန်းလိုသူများသည် ဆေးရုံအုပ်ကြီး ရုံးခန်းဖုန်း-၀၂-၃၉၀၀၇နှင့် ၃၉၀၂၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**မန္တလေးအထွေထွေရောဂါကု ဆေးရုံကြီးဝင်းအတွင်း ကတ္တရာလမ်းခင်းရန် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)



## တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် အောက်တိုဘာ ၃၁**

မြန်မာဂေါက်သီးရိုက်အသင်းတွင် ဒေါက်တာစိုးဝင်းသည် ကစားဖော်များဖြစ်ကြသော ဒေါက်တာသန့်စင်(ပုလဲနှင့်ငါးလုပ်ငန်း)၊ဦးဝင်းဆွေ၊ ဒေါက်တာအောင်ဝင်းတို့နှင့်အတူ အောက်တိုဘာ ၂၉ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်းတွင် ဂေါက်သီးရိုက်ကစားကြရာ Tour Special No. 2ဘောလုံးကို Daiwa Iron No.8 တုတ်ဖြင့်ရိုက်လိုက်ရာ ၁၄၂ ကိုက်ရှိ ကျင်းအမှတ် ၁၇တွင် တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်း သိရသည်။ **(က-ပ)**

## ဆိုင်ကလုန်းမုန်တိုင်း( အောနီ) အားပျော့၍ကုန်းတွင်းဝင်ရောက်

ရန်ကုန် အောက်တိုဘာ ၃၁

**ယမန်နေ့ည သန်းခေါင်ယံအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း (အောနီ)သည် မုန်တိုင်းငယ်အဖြစ်သို့ အားပျော့ကာ အိန္ဒိယနိုင်ငံ အင်ဒရာပရာဒက်ရှ် ကမ်းခြေကို အွန်ဂိုလီမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။** (သတင်းစဉ်)

## မန္တလေးမြို့ဆင်တဲတိုက်သစ်မှ သံဃာစာရင်းနှင့်တိုက်ဆိုင်စစ်ဆေးရာ ဘွဲ့အမည်ကိုက်ညီသည့် သံဃာတစ်ပါးတည်းသာ ပါရှိပြီး ကျန်ဘွဲ့အမည်များမှာ လိမ်လည်စာရင်းရေးသွင်းထားကြောင်း ထပ်မံဖော်ထုတ်သိရှိရ ဧရာဝတီတိုင်းတွင်လည်းလိမ်လည် လက်မှတ်ရေးထိုးစေခြင်းများရှိခဲ့

**နေပြည်တော် အောက်တိုဘာ ၃၁**

မန္တလေးမြို့တွင် လူထုဆန္ဒပြလွှာလက်မှတ်များ ရရှိရေးဆောင်ရွက်ရာ၌ မန္တလေးတိုင်း NLDမှ ဒေါ်ဝင်းမြမြအား မဏ္ဍိုင်ပြု၍ လှုပ်ရှားဆောင်ရွက်ခဲ့ကြောင်း၊ လက်မှတ်ရေးထိုးလွှာများကို ဒေါ်ဝင်းမြမြမှတစ်ဆင့် မန္တလေးတိုင်း NLD မှ ဦးသန်းလွင်၊ မန္တလေး အနောက်တောင်မြို့နယ် NLDမှ ဦးမြင့်ဆွေ၊ အရှေ့တောင်မြို့နယ် NLD မှ ဦးချစ်ရင်နှင့် အနောက်မြောက်မြို့နယ် NLD မှ ဦးခင်မောင်သောင်းတို့ထံ ဖြန့်ဝေပေးပြီး ၎င်းအဖွဲ့ဝင်များက ၎င်းတို့နှင့်နီးစပ်ပတ်သက်သူများကို စည်းရုံး၍ လက်မှတ်များရေးထိုးစေခဲ့ကြောင်း။

### ဝေဖန်သုံးသပ်

ထိုကဲ့သို့ လက်မှတ်များရယူရာတွင် အရေအတွက် များပြားစေရန်နှင့် ပြည်သူအများက ထောက်ခံလေဟန် ပုံများရိုက်သည့်အနေဖြင့် နေရပ်လိပ်စာ၊ မှတ်ပုံတင်နံပါတ်၊ အမည်နှင့်လက်မှတ်များ မှန်ကန်မှုကို အဓိကမထားဘဲ အတုအယောင် လိမ်လည်စာရင်းသွင်းမှုများသာ အများအပြားပါဝင်ခဲ့သည်ဟု မန္တလေးမြို့ပေါ်ရှိ နိုင်ငံရေးအသိုင်းအဝိုင်းက ဝေဖန်သုံးသပ် ပြောဆိုလျက်ရှိကြောင်း သတင်းရရှိသည်။

ထို့အပြင် မန္တလေးအနောက်မြောက်မြို့နယ် NLDမှ ဦးခင်မောင်သောင်း ရယူခဲ့သည့် ဆန္ဒပြလွှာ လက်မှတ်များတွင် အောင်မြေသာစံမြို့နယ် ဆင်တဲတိုက်သစ်၊ ဆင်တဲတိုက်ဟောင်းနှင့် ထီးလင်းကျောင်းတိုက်တို့မှ သံဃာအချို့၏ ဘွဲ့အမည်နှင့်လက်မှတ်များ ပါရှိခဲ့ကြောင်း၊ အဆိုပါသံဃာများနှင့် ပတ်သက်၍ စိစစ်ကြည့်ရာ ၂၀၀၆ ခုနှစ် ဇူလိုင်လက သက်ဆိုင်ရာမှ ကောက်ယူပြုစုထားသော သံဃာစာရင်းအရ ဆင်တဲတိုက်သစ်တွင် စုစုပေါင်း သံဃာအပါး ၂၀ရှိပြီး လက်မှတ် ရေးထိုးထားသည့်စာရင်း၌ ဘွဲ့အမည်ကိုက်ညီသည့် သံဃာတစ်ပါးတည်းသာပါရှိကြောင်း၊ ကျန်ဘွဲ့အမည်များမှာ ဆင်တဲတိုက်သစ်မှမဟုတ်ဘဲ လိမ်လည်စာရင်းရေးသွင်းထားသည့် အမည်တုများသာဖြစ်ကြောင်း ထပ်မံဖော်ထုတ်သိရှိရသည်ဟု သတင်းရရှိသည်။

### လက်မှတ်ရေးထိုးစေခဲ့

အလားတူ ဧရာဝတီတိုင်း ပုသိမ်မြို့မှ ဦးကျင်ရှိန်ဆိုသူသည် အောက်တိုဘာ ၈ရက်တွင် ၎င်း၏မိတ်ဆွေဦးမောင်ညွန့်နှင့် ဦးတင်ဦးတို့အား “၈၈”အရေးအခင်းကို သိပါသလား၊ သိလျှင် လက်မှတ်ရေးထိုးပေးပါဟု မလိမ့်တစ်ပတ်ပြောဆိုပြီး ဆန္ဒပြလွှာတွင် လက်မှတ်ရေးထိုးစေခဲ့ကြောင်း။

ထို့အပြင် အောက်တိုဘာ ၁၂ရက်တွင် ညောင်တုန်းမြို့နေ ထွန်းထွန်း(ခ)ဝါဥသည် ညောင်တုန်းမြို့မှ ဦးဝင်းထွန်းနှင့် ဦးနိုင်လင်းတို့အား ဆန္ဒပြလွှာ လက်မှတ်ရေးထိုးစေခဲ့သော်လည်း ၎င်းတို့နှစ်ဦးက လက်မှတ်ရေးထိုးပေးခဲ့ခြင်း မရှိကြောင်း၊ ဧရာဝတီတိုင်းရှိ မြို့နယ်များမှ ပြည်သူအများစုမှာ လူထုဆန္ဒပြလွှာများ လက်မှတ်ရေးထိုးနေမှုကို စိတ်ဝင်စားမှု မရှိသည့်အပြင် အဆိုပါလှုပ်ရှားမှုကို လက်ခံကြခြင်းမရှိကြောင်း သတင်းရရှိသည်။ **(က-ပ)**



■ **ကျောဖုံးမှ**

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူ များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက ကျောင်းသား ကျောင်းသူများ၏ ပညာ ရည်တိုးတက်မှုကို ဆရာ ဆရာမများ အနေဖြင့် လေ့လာသုံးသပ် သင်ကြား ပို့ချကြရေး မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် Computer Aided Instruction Room,Computer Skill Room, Audio Room,Language Lab နှင့် သိပ္ပံလက်တွေ့ခန်းတို့ကိုကြည့်ရှု စစ်ဆေးကြရာ မြို့နယ်ပညာရေးမှူး ဦးဝင်းမောင်နှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသသည်။

**စာရေးကိရိယာများပေးအပ်**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် လောက်ကိုင်မြို့ အမှတ်(၁)အခြေခံ ပညာအထက်တန်းကျောင်းသို့ ရောက် ရှိကြပြီး ကျောင်းခန်းမ၌ ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်းက ကျောင်း သား ကျောင်းသူများအတွက် ဗလာစာ အုပ်နှင့် စာရေးကိရိယာများ ပေးအပ် ရာ ကျောင်းသား ကျောင်းသူ လေးများ က လက်ခံကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ကျောင်းအဆောက်အအုံ အတွင်းရှိ စာသင်ခန်းများ သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများ ကို ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ် ဆရာကြီး ဦးရဲညွှန့်နှင့် တာဝန်ရှိသူ များက လိုက်လံ ရှင်းလင်း ပြသသည်။

**ဝိုင်းဝန်းကြိုးပမ်း**

ယင်းနောက် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်းက ပညာရေးအထောက် အကူပြု ပစ္စည်းများ အပြည့်အစုံရှိပြီး ဖြစ်၍ ဘက်စုံပညာထူးချွန်ထက်မြက် သော လူ သားအရင်းအမြစ်များကို ထိရောက်စွာ လေ့ကျင့်သင်ကြားမွေး ထုတ်ပေးရန် မြို့ပြနှင့် ကျေးလက် ပညာရေးကွာဟမှုနည်းပါးရေးအတွက် ဆရာ၊ ဆရာမများက စေတနာထား၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့်မှာကြားသည်။

ထို့မှ တစ်ဆင့် ဒုတိယ ဗိုလ်ချုပ် ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များ သည် လောက်ကိုင်မြို့ ပြည်သူ့ဆေးရုံကြီး သို့ ရောက်ရှိကြပြီး အမျိုးသား လူနာ ဆောင်ရှိ၊ ဖျားနာဆောင်၊ ကလေး လူနာဆောင်၊ ခွဲစိတ်ဆောင်နှင့် ခွဲစိတ် ခန်းကိုလည်းကောင်း၊ အမျိုးသမီး လူနာဆောင်ရှိ သားဖွားဆောင်၊ ခွဲစိတ် ဆောင်၊ အရေးကြီးလူနာကုခန်း၊ ဖျားနာ ဆောင်တို့ကိုလည်းကောင်း၊ တီဗွီ ဓာတ်မှန်ခန်း၊ ဓာတ်မှန်ခန်းနှင့် ဆေးစတိုးတို့ကိုလည်းကောင်း လှည့် လည် ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ် ဒေါက်တာတင်ဝင်းက လိုက်လံ ရှင်းလင်းပြသသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် ပြည်သူ့ဆေးရုံခန်းမ ၌ ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်ဝင်း က ရေခဲသေတ္တာတစ်လုံး ပေးအပ် လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ တင်ဝင်းက လက်ခံရယူသည်။

ယင်းနောက် ဒုတိယ ဗိုလ်ချုပ် ကြီး ကျော်ဝင်းက ယခင်က ဒေသခံ တိုင်းရင်းသား ပြည်သူများသည် ဒေသရိုးရာ ဆေးမီးတိုဖြင့် ကျန်းမာ ရေး စောင့်ရှောက်မှု ဆောင်ရွက်ခဲ့ ကြရသော်လည်း ယခုအခါ ပြည်သူ့ ဆေးရုံများတွင် နိုင်ငံတော်က ခေတ် မီဆေးဝါး အပြည့်အစုံဖြင့် တိုင်းရင်း သား ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်ပေးလျက်ရှိကြောင်း၊ ကျေးလက်နေ ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုကိုလည်း တိုးမြှင့်ဆောင်ရွက်သွားရန်လိုကြောင်း ဖြင့်မှာကြားသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ် ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည် လောက်ကိုင်ခရိုင်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိ ကြပြီး အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများအား တွေ့ဆုံသည်။

**ဖြည့်စွက်ရှင်းလင်း**

ရှေးဦးစွာလောက်ကိုင်ခရိုင်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ခေတ္တ ဥက္ကဋ္ဌ ရဲမှူးသိန်းမြင့်နှင့် လောက်ကိုင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ ခေတ္တဥက္ကဋ္ဌ ဒုတိယရဲမှူး ကျော်ဝင်းတို့က ဒေသဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ် က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ လက်ထောက် ညွှန် ကြားရေးမှူး ဦးစိုင်းထွန်းညိုက ဒေသ ဖွံ့ဖြိုးရေးအတွက် လမ်း၊ တံတား၊ ကျန်းမာရေး၊ ပညာရေးစသည့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ နှင့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့် လူမှုရေးအသင်း အဖွဲ့များက ဘိန်း စိုက်ပျိုးမှုပပျောက်ရေးနှင့် ဆင်းရဲ ချို့တဲ့မှုလျှော့ချရေး စီမံကိန်းများတွင် ပါဝင်ဆောင်ရွက်မှု အခြေအနေ၊ ဘိန်း အစားထိုးသီးနှံများ စိုက်ပျိုးဖြစ်ထွန်းမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ် တို့ကဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

**ပူးပေါင်းဆောင်ရွက်**

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက အမှာစကားပြောကြား ရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်ခရိုင်အတွင်း မြို့ပြအုပ်ချုပ် ရေးကဏ္ဍ၊ စီးပွားရေး၊ လူမှုရေးကဏ္ဍ များနှင့် နယ်မြေဒေသဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းများကို ဌာနဆိုင်ရာများ အာလုံး တက်ညီလက်ညီ ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း။

စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး နှင့် ဒေသဝမ်းစာဖူလုံရေး၊ စိုက်ပျိုး သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး တို့အတွက် ဒေသခံတောင်သူများအား စည်းရုံးဆောင်ရွက်သွားရမည် ဖြစ် ကြောင်း။

ပညာရေးကဏ္ဍတွင် အောင်ချက် ပိုမိုတိုးတက်မြင့်မားလာအောင် ဒေသ အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့် တို့၏ ကြီးကြပ်မှု၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ၏ ပံ့ပိုးဖြည့်ဆည်း မှုတို့ဖြင့် အရှိန်အဟုန်မပျက် ဆက် လက် ကြိုးစားသွားကြစေလိုကြောင်း။

**စီမံဆောင်ရွက်**

ကျန်းမာရေးကဏ္ဍတွင် ပြည်သူ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရန်နှင့် လိုအပ်သော နယ်မြေဒေသတို့တွင် ကျေးလက် ကျန်းမာရေးဌာနတိုးချဲ့ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်သွားရန်လိုကြောင်း။

လူမှုရေးအသင်းအဖွဲ့များက နိုင်ငံ တော်နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ သော ဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာ တွင် လေလွင့်ဆုံးရှုံးမှုမရှိစေဘဲ ဒေသခံ တိုင်းရင်းသားပြည်သူများအား ထိရောက် စွာ အကျိုးဖြစ်ထွန်းမှုရှိအောင် အလေး ဂရုပြု ဆောင်ရွက်ရန်လိုကြောင်းဖြင့် မှာကြားသည်။

လောက်ကိုင်ခရိုင်တွင် နယ်စပ် ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ဒေသဖွံ့ဖြိုး ရေးအတွက် လမ်းမိုင်စုစုပေါင်း ၂၇၇ မိုင် လေးဖာလုံ၊ ကျန်းမာရေးကဏ္ဍ အတွက် ဆေးရုံသုံးရုံ၊ ဆေးခန်း ခုနစ် ခန်း၊ ပညာရေးတွင်လည်း အထက် တန်းကျောင်းငါးကျောင်း၊ မူလတန်း ကျောင်း ၂၂ ကျောင်း၊ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ သုံးရုံ၊ လျှပ်စစ် တွင်လည်း မီးစက်လေးလုံး၊ ရေအား လျှပ်စစ်တစ်ခုစသည်ဖြင့် စုစုပေါင်း ငွေကျပ် ၄၆၈၁ ဒသမ ၄၅၉ သိန်း အကုန်အကျခံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စံနမူနာပြဆောင်ရွက်**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် နယ်မြေခံတပ်နယ်များ မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ အား ရင်းရင်းနှီးနှီးတွေ့ဆုံကာ စိုက်ပျိုးရေးလုပ်ငန်းများ စံနမူနာပြ အောင်မြင်အောင် ဆောင်ရွက်ရေး၊ ရော်ဘာ၊ ကြက်ဆူပင်များစိုက်ပျိုးရေး တို့ကို ရှင်းလင်းမှာကြားပြီး လက် ဆောင် ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကြည့်ရှုစစ်ဆေး

**နိုင်ငံတော်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်း လောက်ကိုင် မြို့ အမှတ်(၂) အခြေခံပညာ အထက် တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေး စဉ်။** (သတင်းစဉ်)

## နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း အယ်လ်ဂျီးရီးယားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် နိုဝင်ဘာ ၁**

၂၀၀၆ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ကျရောက်သော အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ၏ အမျိုးသားနေ့အတွက် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ကြီး မစ္စတာ မိုဟာမက်၊ ဘက်ဂျာဝီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေးလုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် အောက်တိုဘာ ၃၁

**စွယ်တော်မြတ်စေတီတော် (ရန်ကုန်) ကောဒသမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရေးလုပ်ငန်း ညှိနှိုင်းအစည်း အဝေးကို အောက်တိုဘာ ၂၇ရက် နံနက်၁၀နာရီက နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ လုပ်ငန်းညှိနှိုင်းအစည်း အဝေးကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ဖွင့်လှစ်ပြီး စွယ် တော်မြတ် စေတီတော် ဗုဒ္ဓပူဇနိယ ပွဲတော် ကျင်းပရေး နာယက သာသနာ ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် သူရမြင့်မောင်က စွယ်တော်မြတ် စေတီတော်(ရန်ကုန်) ကောဒသမ အကြိမ် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရေး နှင့် စပ်လျဉ်း၍ အဖွင့်အမှာစကား ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် စွယ်တော်မြတ်စေတီ တော် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ် သူရအောင်ကိုက စွယ်တော်မြတ်စေတီ တော်(ရန်ကုန်) ကောဒသမအကြိမ် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး လုပ်ငန်း များနှင့် ဆောင်ရွက်ပြီးစီးမှု အခြေ အနေများကို ရှင်းလင်းတင်ပြသည်။

**အကောင်အထည်ဖော်**

ဆက်လက်၍ ဘုရားအနေကဇာ တင်ရေးနှင့် ရွှေကြာသင်္ကန်း ကပ်လှူ ပူဇော်ရေး ဆပ်ကော်မတီ၊ ရွှေကြာ သင်္ကန်း ရက်လုပ်ပူဇော်ပွဲကျင်းပရေး ဆပ်ကော်မတီ၊ ပြန်ကြားရေးနှင့် သတင်းမှတ်တမ်းတင်ရေး ဆပ်ကော် မတီ၊ ဧည့်ခံကျွေးမွေးရေးဆပ်ကော် မတီ၊ ဖိတ်ကြားရေး ဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော် မတီ၊ ဖျော်ဖြေရေးဆပ်ကော်မတီ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပရေး ဆပ်ကော်မတီ၊ သယ်ယူပို့ဆောင်ရေး ဆပ်ကော်မတီ၊ ကျန်းမာရေး ဆပ်ကော် မတီ၊ဘဏ္ဍာငွေရှာဖွေရေးနှင့် သုံးစွဲရေး ဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ဆပ်ကော်မတီအလိုက်လုပ်ငန်းအကောင် အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြ သည်။

ယင်းနောက် စွယ်တော်မြတ်စေတီ တော် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပရေး နာယက ဝန်ကြီး ဗိုလ်မှူးချုပ် သူရ မြင့်မောင်က လိုအပ်သည်များကိုညှိနှိုင်း မှာကြားပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု ဆုတောင်း၍ လုပ်ငန်းညှိနှိုင်း အစည်း အဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

## မအီနှင့်ကျောက်ထု ထပ်ဆင့်လွှင့်စက်ရုံ ရုပ်မြင်သံကြားအစီအစဉ်များစတင်ထုတ်လွှင့်

**ရန်ကုန် အောက်တိုဘာ ၃၁**

ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ရခိုင်ပြည်နယ် မအီတွင် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၄ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

အဆိုပါ စက်ရုံမှ လွှင့်အား ဝပ်(၅၀)၊ လှိုင်းနှုန်း(၁၂)ဖြင့် အောက်တိုဘာ ၂၅ ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိသည်။

အလားတူ ရုပ်မြင်သံကြားတိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ မကွေးတိုင်း ကျောက်ထုတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည် ဖော်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၅ ရက်တွင် လုပ်ငန်းများ ပြီးစီးခဲ့ သည်။

အဆိုပါစက်ရုံမှ လွှင့်အား ဝပ်(၅၀)၊ လှိုင်းနှုန်း(၆)ဖြင့် အောက်တိုဘာ ၂၆ ရက်မှစ၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကို အရုပ်/အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## NLD ပါတီ၏တိုင်းပြည်နှင့်လူမျိုးဒုက္ခရောက်စေမည့် အဖျက်လုပ်ရပ်များကြောင့် ပါတီအပေါ်စိတ်ဝင်စားမှုမရှိ၊ ယုံကြည်လေးစားမှုမရှိတော့ ရွှေဘိုမြို့နယ် NLD ပါတီဝင်၁၂ဦးစုပေါင်းနုတ်ထွက်

**ရန်ကုန် အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ခွန်ကြီးကျေးရွာမှ ဦးညွန့်အောင်၊ ဦးကျော်လင်း၊ ဦးတင်အောင်၊ ဒေါ်ညွန့်ညွန့်အေးနှင့် ဒေါ်ညွန့်အေးတို့သည် ဇူလိုင် ၂၁ရက်တွင် လည်းကောင်း၊ ဆိပ်ခွန်ကျေးရွာအုပ်စုမှ ဦးအောင်မြင့်၊ ဦးညို၊ ဦးချို၊ ဦးဇော်ဝင်း၊ ဦးတင်ဝင်း၊ တင်းတောင်းကျေးရွာ အုပ်စုမှ ဦးကျော်ဝင်းနှင့် ဦးထွန်းကျော်တို့သည် ဇူလိုင် ၂၂ရက်တွင်လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော ရွှေဘို မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၁၂ဦးတို့၏ နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLD ပါတီ၏ တိုင်းပြည်နှင့်လူမျိုးဒုက္ခရောက်စေမည့် အဖျက်လုပ်ရပ်များကြောင့် ပါတီအပေါ် စိတ်ပါဝင်စားမှုမရှိတော့ခြင်း၊ NLD ပါတီနှင့် ပါတီခေါင်းဆောင်များအား ယုံကြည်လေးစားမှုမရှိတော့ခြင်းတို့ကြောင့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD)ပါတီမှ ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

## ကုသိုလ်ပါဝင် လှူဒါန်းနိုင်ပါသည်



ပြင်ဦးလွင်မြို့၊ စန္ဒာလမ်း၊ နိဗ္ဗာန်လမ်းပြ ကျောင်းတိုက် အတွင်း ရန်ပါယ် လာဘ်ခေါ် ဝမ်းသာအောင် ကြေးသွန်းဆင်းတု (ဉာဏ်တော်၁၈ပေ)ကိုးနဝင်း ကြေးရုပ်ပွားတော်ကြီးကို ကမ္ဘာ့သာသနာပြု ရွှေသိဒ္ဓိအောင် အပ်ချည်မျှင် ဆရာတော် အရှင်ဝိမလတို့မှ ဦးဆောင်၍ ခုနစ်ရက် သားသမီးများ ဝမ်းသာအောင်ဘုရားကြီး သွန်းလောင်းမည် ဖြစ်ပါ၍ မည်သူမဆို ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

ကြေးပိဿာချိန် လေးထောင့်ငါးရာ၊ တစ်ပိဿာလျှင် တစ်သောင်းငါးထောင်ကျပ်ဖြင့် လှူဒါန်းနိုင်ပါသည်။

**နိဗ္ဗာန်လမ်းပြဆရာတော် ဖုန်း-၀၉-၅၁၇၄၉၂၅**
**အပ်ချည်မျှင်ဆရာတော် ဖုန်း ၀၉-၅၁၅၁၈၉၅။**

## လက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်း၊ ခရမ်းမြို့၊ အမှတ် ၁၃၁၊ ပြည်တော်သာလမ်းနေ ဦးကျော်ခင်(ရွှေကံ့ကော်စိုက်ပျိုးရေးဆေးဆိုင်)-ဒေါ်သန်းဝင်းတို့၏သား

**မောင်အောင်ကိုကိုကျော်** (Final Year Eco)

နှင့်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ (မ/၂၄၇)၊ သဇင်လမ်း၊ ပြည်တော်သာရပ်နေ ဦးဝင်းမောင်(ရွက်သစ်စိုက်ပျိုးရေးဆေးဆိုင်)-ဒေါ်တင်ကြည်တို့၏သမီး

**မဇာဇာလင်း B.Sc (Maths) Q**
**A.G.T.I (Civil)**

တို့သည် ၂၈-၁၀-၂၀၀၆ရက်တွင် နှစ်ဖက်သောမိဘများ၏သဘောတူညီချက်အရ တောင်ကြီးမြို့ နေအိမ်တွင် လက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့် မောင်အောင်ကိုကိုကျော်-မဇာဇာလင်း။**

## MYANMAR IVANHOE COPPER COMPANY LIMITED

## TENDER NOTICE

**TENDER NO: RENTAL OF EXCAVATORS WITH OPERATORS (IFB No.EMERENT-06)**

Rental of two units of Excavators, of 1.3-1.7 cubic metre bucket capacity, together with operators for the MICCL heap leached cell rehandling operation, west bank of Monywa, Myanmar.

**CLOSING DATE:**
7th November 2006 at 5pm

**TENDER DOCUMENT FEE:**
US$ 100 (in FEC)

**COLLECTION DOCUMENT AT:**
MICCL- Myanmar Ivanhoe Copper Company Limited
70(I)Bo Chein Street
Pyay Road, Hlaing Township
Yangon, Myanmar
Tel: 951-514194 to 7
Fax: 951- 514208

**DATE AND TIME OF COLLECTION**
1st to 7th November 2006 (10 am to 5pm)

**ကျေးဇူးဆပ်ပါမည်**

ကျွန်မ မနှင်းနွယ်ဦး၏ နိုင်ငံကူးလက်မှတ်စာအုပ် PP 834616 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဆက်သွယ်ရန် - ဖုန်း-၅၅၉၈၀၆။**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ နိုင်ငံကူးလက်မှတ် စာအုပ်အမှတ် ၅၈၈၅၇၁ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ချစ်ဇော်**

**အမှတ် ၆၀၊ ၂၈ x ၂၉လမ်း မန္တလေးမြို့။**

## အများသိစေရန်

ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ မင်းလမ်း၊ အမှတ် ၂၉/၁၀၆နေ ဦးစိုးမြင့် ၅/မရန(နိုင်)၀၄၈၀၉၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

လှိုင်မြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ်(၄)၊ ကမာရွတ်၊ မြေကွက်အမှတ် ၁၇က/ခ၊ သီရိမွန်အိမ်ရာအဆင့်(၁) မြေနှင့်အိမ်မှာ ဦးစိုးမြင့် အမည်ပေါက် တရားဝင်ပိုင်ဆိုင်သဖြင့် မည်သူတစ်ဦးတစ်ယောက်ကမျှ ဦးစိုးမြင့်၏ ခွင့်ပြုချက်မရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ငှားရမ်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ အမည်ပြောင်းခြင်း မပြုလုပ်ရန် သတိပေးတားမြစ်ကြေညာအပ်ပါသည်။

ဦးစိုးမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးတင်ယု (ဆကာကြီး)**
**စဉ်-၈၂၉၃**
**အထက်တန်းရှေ့နေကြီး**
**ဒေါ်ခိုင်မေလှိုင် (LL.B)**
**စဉ်-၂၄၄၂၆**
**အထက်တန်းရှေ့နေ**
**အမှတ် ၁၉/၄၃၊**
**ဗိုလ်ဆွန်ပက်လမ်း(အောက်)**
**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၂၅၂၀၁၄။**

## အမြန်အလိုရှိသည်
### (ပြည်တွင်း၌သာခန့်ထားရန်)

| | | | |
|---|---|---|---|
| ၁။ စာရင်းကိုင် | (ကျား) | - | ၇ဦး |
| ၂။ စာရင်းကိုင် | (မ) | - | ၅ဦး |
| ၃။ လုပ်ငန်းစီမံခန့်ခွဲနိုင်သူ | (ကျား) | - | ၂ဦး |
| ၄။ လုပ်ငန်းစီမံခန့်ခွဲနိုင်သူ | (မ) | - | ၂ဦး |
| ၅။ ယာဉ်မောင်း | (ကျား) | - | ၃ဦး |

အမှတ်စဉ်အားလုံးအတွက် လျှောက်ထားသူသည် လုပ်ငန်းအတွေ့အကြုံရှိပြီး ကျွမ်းကျင်သူဖြစ်ရမည်။
(အလုပ်သမားမှတ်ပုံတင်မိတ္တူ)

**လိပ်စာ- တိုက်အမှတ် ၂၇၂၊ အခန်း ၈၀၁၊ ၈၀၂၊ ၈၀၃၊ ခနလှိုင်တာဝါ၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်။**
**ဖုန်း-၅၀၅၅၆၈၊ ၅၃၄၂၃၇၊ ၇၀၃၄၄၉။**


ဦးအောင်နိုင်
LCCI

7 DAY NEWS

စိတ်ထားကြံ့ခိုင်
ပန်းတိုင်ချိတက်
အောင်ပွဲဆက်

KMD Computer Centre
:: i-Office :: Graphics Design :: Desktop Publishing :: AutoCAD :: Practical A+
:: Practical Network :: LCCI Computerised Accounting :: Basic Software Engineering

သစ္စာ
(DENSITY 17.8)
2007 CALENDER

10th Anniversary
COCA SUKI RESTAURANT
(1.11.06) မှ (19.11.06)
21" TV
DVD
Lucky Draw
SUKI Buffet
20% Discount
Phone : 229904, 229905

THREE FRIENDS CONSTRUCTION CO.,LTD.
T&G Thiaply
Modern Furniture
(MDF,Ply,Teak)
Rollershutter
Composite
Architectural Design
Structure Design
Wall Covering
C-channel
L-Bar
Black Screw
Adhesive
(PVC,Ply,Teak)
(PAE)
44A(1)
01-294864, 201121, 298341
09-50 11443,
09-50 10289,
09-51 54853,
09-51 55037



မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စိန်ရတုခန်းမတွင် အောက်တိုဘာ ၅ရက်က ကမ္ဘာ့ဆရာများနေ့ အခမ်းအနားသို့ တက်ရောက်ခဲ့သည့် ပြည်နယ်၊ မြို့နယ်ပညာရေးမှူးများ၊ ဆရာကြီး ဆရာမကြီးများ (အငြိမ်းစား)တို့အား မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုးတို့က ဂုဏ်ပြုလက်ဆောင်ပစ္စည်းပေးအပ်ပြီး ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။ (၁၆၈)

# ပြည်နယ် ဗီဒီယိုအခြေခံအဖွဲ့ရုံးဖွင့်ပွဲ ကျိုင်းတုံမြို့၌ ကျင်းပ

**ကျိုင်းတုံ အောက်တိုဘာ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်နယ် ဗီဒီယိုအခြေခံအဖွဲ့ရုံး ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၄ရက် နံနက်၉နာရီက ကျိုင်းတုံမြို့ အမှတ်(၂)ရပ်ကွက်ရှိ အဆိုပါရုံးရှေ့မျက်နှာစာတွင် ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဗီဒီယိုလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင်ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)အတွင်းရေးမှူး ပြည်နယ် ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ် အုပ်ချုပ်ရေးမှူး ဦးမြအောင်က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

ထို့နောက် ကျိုင်းတုံ၊မိုင်းဖြတ်၊တာချီလိတ်မြို့နယ် ဗီဒီယို အခြေခံအဖွဲ့ဥက္ကဋ္ဌများက ကျေးဇူးတင်စကား ပြောကြား ကြပြီး ပြည်နယ်ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌဦးစိုင်းဝန်းက လုပ်ငန်း ဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။ **(ခရိုင် ပြန်/ဆက်)**





စည်ပင်သာယာရေးဦးစီးဌာန နှစ်ပတ်လည်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကို အောက်တိုဘာ ၁၆ရက်က ပြည်မြို့ တိုင်းစည်ပင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေး အဖွဲ့ကြီးကြပ်မှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များကို ညွှန်ကြားရေးမှူး ဦးစိုးလွင်က ရှင်းလင်းဆွေးနွေးစဉ်။ (တိုင်းစည်ပင်)

# မြို့နယ် သတင်းများ

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပန်းခြံအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို အောက်တိုဘာ ၂ရက်က အမှုဆောင်အရာရှိ ဒုတိယဦးစီးမှူး ဦးသန်းလွင်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)



# ကျောက်ပန်းတောင်းမြို့ စုပေါင်းအမြန်ယာဉ်ငယ်အသင်း ပညာရည်ချွန်ကျောင်းသားများ ဆုပေးအပ်ချီးမြှင့်

**ကျောက်ပန်းတောင်း အောက်တိုဘာ ၂၀**

မန္တလေးတိုင်း မော်တော်ယာဉ် လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီမှ ကျောက်ပန်းတောင်းမြို့ စုပေါင်းအမြန်ယာဉ်ငယ်အသင်းဝင် ယာဉ်ပိုင်ရှင်၊ ယာဉ်မောင်း၊ ယာဉ်လိုက်များ၏သားသမီးများ ပညာရည်ချွန် ဆုပေးအပ်ချီးမြှင့်ပွဲကို အောက်တိုဘာ ၁၆ရက်က မြို့နယ်အသင်းရုံးတွင် ကျင်းပသည်။

**အမှာစကားပြော**

ဆုပေးပွဲအခမ်းအနားသို့ အသင်းအလုပ်အမှုဆောင်များ၊ ယာဉ်ပိုင်၊ ယာဉ်မောင်း၊ ယာဉ်လိုက်များတက်ရောက်ကြကာ အသင်းဥက္ကဋ္ဌ ဦးခင်မောင်ရီက တိုင်းမော်တော်ယာဉ် ထိန်းသိမ်းရေးလုပ်ငန်းပေါင်းစုံ ကြီးကြပ်မှုကော်မတီ၏ မြို့နယ်စုပေါင်းအမြန်ယာဉ်ငယ်အသင်းဝင်များ၏ ပညာရည်ချွန် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက်ပညာသင်နှစ် ၂၀၀၅-၂၀၀၆ ခုနှစ်တက္ကသိုလ်ဝင် စာမေးပွဲတွင် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား မန္တလေးတိုင်း မော်တော်ယာဉ်လုပ်ငန်း ပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ကိုယ်စားဥက္ကဋ္ဌ ဦးခင်မောင်ရီက ယာဉ်ပိုင် ဦးစိုးမြင့်၏သမီး မစိုးမို့မို့ခိုင်နှင့် ဦးတင်မောင်၏သမီး မအေးမြသီတာတို့အား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ (ဝ၆၁)

# မြန်မာ့အသံ နားဆင်စရာ

**(၁၃၆၈ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ ရက်)**
**၂-၁၁-၂၀၀၆ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

၀၇:၀၀ တရားတော်(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဗောဇ္ဈင်္ဂ သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား [၂၀၀၆ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာ နေ့အထိမ်းအမှတ် လက်ဖက်စိုက် ပျိုးထုတ်လုပ်မှု (မြို့နယ်)ထူးချွန် ဆုရသူနှင့် ဆွေးနွေးခန်း]

၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ဗေထိသံဝတ္ထုတိုများ (ကြည်ခိုင်)
(၂) ရောဂါအထွေထွေနှင့်လက်တစ် ကမ်းမှ ဆေးစွမ်းကောင်းများ) (ဆရာမြင့်-စကြာမင်း)

၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (စကြဝဠာ ချတ်ယွင်းခြင်း) (မောင်ဆုရှင်)

၁၂:၃၀ အစာနှင့်အာဟာရ (မဲဇလီ)

**ညနေပိုင်း**

၁၆:၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၁၅ သုတကမ္ဘာအစီအစဉ်

၁၈:၂၅ သံစဉ်တေးသွား မေတ္တာစကား
(၁) နှစ်ကိုယ်ခွဲချင်တယ် (ပပမြိုင်)
(၂) နှစ်ကိုယ်ခွဲလို့ အသည်းဝေ သလား (ကေတုဝင်းထွတ်)

၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန်ဦးဘုန်းမြင့်)

၁၉:၁၅ ဓာတ်လမ်းပမာနားဆင်စရာ (နားလည်ပြီမို့ခွင့်လွှတ်ပါ) -ခေတ်မရွေးသောတေးများ
(၁) အကျည်းတန်ချစ်သူ (မောင်မောင်ကြီး)
(၂) စံပယ်ပွင့်ပြီမောင် (ကြည်ကြည်ဝင်း)
(၃) မျက်စိလည်သွားပြီ (ရေနံ့သာဝင်းမောင်)

၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) မျက်လုံးကစား နှလုံးသားဖြင့် ကြည့်ပါ (ရဲမြင့်ဝင်း)
(၂) အသည်းလေးနုနယ်ရိုင်း (ခင်နှဲ့နှဲ့)
(၃) မောင်နဲ့ဖူးစာဆုံချင်သလား (တွံတေးသိန်းတန်)

# ကျန်းမာရေး ပညာပေးဟောပြော

**ဖားကန့် အောက်တိုဘာ ၁**

ဖားကန့်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူး ကျင်းပသည့် အမျိုးသားအာဟာရ ဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှုအခမ်း အနားကို စက်တင်ဘာ ၁၁ရက်နံနက် ၁၁နာရီက ဖားကန့်မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းရုံး ခန်းမ၌ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ကျန်းမာရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ထွေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ကျန်းမာရေးဦးစီးမှူး ဒေါက်တာကျော်စိုး နှင့် မြို့နယ်လက်ထောက် ကျန်းမာရေး ဦးစီးမှူး ဒေါက်တာ သန္တာအောင်တို့က ကျန်းမာရေးပညာပေး ရှင်းလင်းဟော ပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**



မိုးကုတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပတ္တမြားဈေးအတွင်း ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် မြောင်းဆယ်ခြင်း လုပ်ငန်းကို အောက်တိုဘာ ၁၄ ရက်က ဒုတိယဦးစီးမှူး (ဈေး) ဦးတင်ရှိန်နှင့် ဝန်ထမ်းများ ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

# မြို့ပြသာယာလမ်းခင်းရန် ကျောက်များစုဆောင်း

**ပုဏ္ဏားကျွန်း အောက်တိုဘာ ၂**

ရခိုင်ပြည်နယ်စည်ပင်သာယာရေး အဖွဲ့ညွှန်ကြားရေးမှူး ဦးအုန်းသွင်သည် စက်တင်ဘာ၂၂ရက်က ပုဏ္ဏားကျွန်းမြို့ နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွင်း ဆောင် ရွက်ရန် လျာထားသော မြို့ပြသာယာ လမ်း ကျောက်ချောခင်းခြင်း လုပ်ငန်း အတွက်ကျောက်များ စုဆောင်းထားရှိမှု ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ အမှု ဆောင်အရာရှိ ဦးအောင်ကျော်ဆန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးကောင်းမြတ် ထွေးတို့က ရှင်းလင်းတင်ပြကြသည်။ **(မြို့နယ်စည်ပင်)**



ရွှေကျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးရှေ့ မြေယာရှုခင်းအလှ ပြုပြင်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၁၇ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ကျော်နှင့် အဖွဲ့ရုံးဝန်ထမ်းများ စုပေါင်း၍ဆောင်ရွက်ရာ အမှုဆောင် အရာရှိဦးဝင်းလှိုင် ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)



## ငွေလှူဒါန်း

မန္တလေးမြို့ ဗုဒ္ဓဂယာမြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင်အတွက် အခန်း ၂၁ တိုက်(ဘီ) ဦးလူကလေးလမ်း ကြည့်မြင်တိုင်မြို့နယ် ရန်ကုန်မြို့နေ ဒေါ်ခင်ရီ (စာနစ်မွေးနေ့အလှူ)၊ သား ဦးခင်မောင်ညွန့်(BAJ)ကုမ္ပဏီနှင့် မောင်နှမတစ်စုတို့က အလှူတော်ငွေကျပ် ၁၁၀၀၀၀ လှူဒါန်းရာ ကျောင်းအမှူးဆောင် ဒေါ်ကေသက်မော်က လက်ခံ၍ ကျောင်းဖြစ်မြောက်ရေးအကျိုးဆောင်ဆရာတော်အရှင်ရာဇိန္ဒ (နာလန္ဒာ)က ဂုဏ်ပြုလွှာ ချီးမြှင့်တော်မူစဉ်။ (က-ပ)

## မော်လမြိုင်ကျွန်းမြို့ ပဋ္ဌိမာရုံစာသင်တိုက် စုပေါင်းမဟာဘုံကထိန်ပွဲကျင်းပ

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၂၅**

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ ပဋ္ဌိမာရုံစာသင်တိုက်၏ (၃၆)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲကို အောက်တိုဘာ ၂၃ရက် နံနက် ၈နာရီက ပဋ္ဌိမာရုံ စာသင်တိုက်၌ကျင်းပရာ ပဋ္ဌိမာရုံစာသင်တိုက်ပဓာန နာယကဆရာတော် ဘဒ္ဒန္တ စိန္တိတာ လင်္ကာရ(နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)ဆရာတော်အမှူးပြုသော ကျောင်းတိုက်အသီးသီးမှ ဆရာတော် သံဃာတော်များ၊ ကျောင်းတိုက်ရှိ သံဃာတော်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ယာယီဥက္ကဋ္ဌ ဒုတိယရဲမှူးဝင်းမြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက် ကြည်ညိုကြသည်။

**ဆက်ကပ်**

မဟာဘုံကထိန်ပွဲတော်တွင် ကထိန်မတည်အလှူရှင် ဦးအေးဆွေ-ဒေါ်တင်တင်ယု(ရွှေဥဒေါင်းရွှေဆိုင်)မိသားစုနှင့် တက်ရောက်သူများက ကထိန်လျာသင်္ကန်းနှင့် ကြွရောက်လာသော ဆရာတော်များအား သင်္ကန်းဒွိစုံတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

**ဟောကြား**

ထို့နောက်ကထိန် ရေစက်ချအနုမောဒနာတရားတော်ကို နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပဋ္ဌိမာရုံစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ စိန္တိတာလင်္ကာရက ဟောကြားချီးမြှင့်တော်မူသည်။ (၀၉၇)

## အုတ်တွင်းဘုန်းတော်ကြီးသင် မူလတန်းလွန်ကျောင်း စာအုပ်နှင့် စာရေးကိရိယာများထောက်ပံ့

**အုတ်တွင်း အောက်တိုဘာ ၂၅**

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ချင်းကုန်း-ပုဏ္ဏားစုကျေးရွာ ဘုန်းတော်ကြီးသင် မူလတန်းလွန်ပညာရေးကျောင်းသို့ အုတ်တွင်းမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ကအာဟာရဆန်ပြုတ်တိုက်ကျွေးခြင်း၊စာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ခြင်း၊ ပညာရည်ချွန်ဆုချီးမြှင့်ခြင်း အခမ်းအနားကို အောက်တိုဘာ၂၂ရက် နံနက်က ချင်းကုန်းဘုန်းတော်ကြီးကျောင်း ဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တ ဇနကထံသို့ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး သီလဆောက်တည်၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ကျောင်းအုပ်ဆရာတော်က ဩဝါဒကထာ မြွက်ကြား၍ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်အုန်းမြင့်က အမှာစကားပြောကြားပြီး ကျောင်းသူကျောင်းသား ၁၀၉ ဦးတို့အတွက် စာအုပ်နှင့်စာရေးကိရိယာများကိုကျောင်းအုပ်ဆရာတော်မှတစ်ဆင့် ဆက်ကပ်လှူဒါန်းကြပြီး **(ယာပုံ)** ပညာရည်ချွန်ဆုရရှိသူ ကျောင်းသူ ကျောင်းသား၁၃ဦးတို့အား မြို့နယ်သာသနာရေးဦးစီးမှူး ဦးရဲရွှေနှင့်တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကာ ကျောင်းသူကျောင်းသားများအား အာဟာရဆန်ပြုတ်များ တိုက်ကျွေးမွေကြွေးကြသည်။ (၁၁၆)

## ရွှေပြည်အေးသာသနာ့ရိပ်သာ ဘုံကထိန်ကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၃၁**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရွှေပြည်အေးရိပ်သာ ကထိန်အလှူပွဲတော်ကို ၁၃၆၈ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့(နိုဝင်ဘာ ၄ရက်)တွင် အများကောင်းမှုအလှူငွေဖြင့် ဘုံကထိန်ပွဲတော်အဖြစ် ကျင်းပမည်ဖြစ်ရာ ရပ်ဝေး ရပ်နီးရှိ ဒါယကာ၊ ဒါယိကာမများ၊ ယောဂီများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ ကြွရောက်၍ အတူတကွ ကုသိုလ်ယူကြရန် အသိပေးနှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)





## ဆက်ကပ်လှူဒါန်း

ရန်ကုန်မြို့ မီးအိမ်ရှင်စာအုပ်တိုက်ပိုင်ရှင် စာရေးဆရာမ ဒေါက်တာယဉ်မင်းဦး(ခ)ဒေါက်တာနိုက်တင်ဂေးမိသားစုက ပဲခူးတိုင်း ရွှေတောင်မြို့ အောင်မင်းခေါင်ဓမ္မရိပ်သာကျောင်းတိုက်မှ ဝါဆိုသံဃာတော်များနှင့် ပင့်သံဃာ တော်များအား ကထိန်လျာသင်္ကန်းနှင့် ဝတ္ထုငွေပဒေသာပင်တို့ ဆက်ကပ် လှူဒါန်းစဉ်။ (က-ပ)

## သမထဝိပဿနာတရား ဟောပြောပို့ချမည်

**ရန်ကုန် အောက်တိုဘာ ၃၁**

ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ မူလကျင့်စဉ်နှင့်အညီ သမထ ဝိပဿနာတရားတော်များကို ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး မဟာသဒ္ဓမ္မဇောတိကဓဇဦးသန်းရွှေ (ဒလ-အုံ့ကြီး) က ဗိုလ်တထောင်ဘုရား ဆိပ်ကမ်းလုပ်သားများ ဓမ္မာရုံတွင် နိုဝင်ဘာ၅ရက်မှ ၁၁ရက်အထိညနေ၆နာရီခွဲမှ၈နာရီအထိ လည်းကောင်း၊ဗဟန်းမြို့နယ်အာဇာနည်လမ်း ရှင်သာမဏေဗိမာန်တွင် နိုဝင်ဘာ ၈ရက်မှ၁၄ရက်အထိ ညနေ၅နာရီမှ ၆နာရီခွဲအထိ လည်းကောင်း၊ ပုဇွန်တောင်မြို့နယ် လိပ်ကန်လမ်း အိုးအိမ်ဓမ္မာရုံတွင် နိုဝင်ဘာ၁၅ရက်မှ ၂၁ရက်အထိ ညနေ ၆နာရီခွဲမှည၈နာရီအထိ ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆို လာရောက်အားထုတ်နိုင်ကြောင်းသိရသည်။ (က-ပ)

## လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်း

**ရန်ကုန် အောက်တိုဘာ ၃၁**

လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒစရိယ ဆရာတော်ကြီးများ၏ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ်၊ (၃၃၇/က)ပြည်လမ်း လယ်တီဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၁၀၁)ကြိမ်မြောက် လယ်တီ ဝိပဿနာ ခုနစ်ရက်တရားစခန်းကို နိုဝင်ဘာ၄ရက်မှ ၁၂ရက်အထိ ကျင်းပမည်ဖြစ်သည်။ စာရင်းပေးသွင်းလိုသော ယောဂီများသည် ဖုန်း-၅၃၄၃၂၉သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)



ဒိုက်ဦးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ၁ရက်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ကျင်းပရာ မြို့နယ်အတွင်းရှိ အဘိုး၊ အဘွား ၂၅ဦးတို့အား ဆေးဝါးပစ္စည်းနှင့် အလှူငွေများကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဝေက ပေးအပ်လှူဒါန်းစဉ်။ (မြို့နယ် ပြန်/ဆက်)

## အထက(၁) ဒဂုံ အာစရိယပူဇော်ပွဲ

**ရန်ကုန် အောက်တိုဘာ ၃၀**

ယခင်မက်သဒစ်အင်္ဂလိပ်ဟိုက်စကူး (MEHS)နှင့် အထက(၁)ဒဂုံကျောင်းတွင် ၁၉၅၄-၁၉၇၈ ခုနှစ်အတွင်း ပညာသင်ကြားခဲ့သော ကျောင်းသူကျောင်းသား ဟောင်းများ ပြန်လည်ဆုံစည်းကြ၍ ဆရာကြီး၊ ဆရာမကြီးများအား ၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင် အထက(၁)ဒဂုံ ဒဂုံသီရိခန်းမ၌ ဂါရဝပြုပူဇော်ကန်တော့ကြမည်ဖြစ်သည်။

**ဆက်သွယ်နိုင်**

ရပ်နီးရပ်ဝေးမှ ကျောင်းသူကျောင်းသားဟောင်းများသည် ဦးကျော်မောင် ဖုန်း-၂၂၄၄၉၀၊ ဦးရဲမြင့် ဖုန်း-၀၉ ၅၀၀၈၇၅၀၊ ဦးစိုးညီညီ ဖုန်း-၀၉ ၉၉၂၁၇၂၀၊ ဦးထူးအောင်ကြီး ဖုန်း-၀၉ ၅၁၂၁၈၁၈၊ ဒေါ်ထားချို ဖုန်း-၅၃၄၇၈၀၊ ဒေါ်ခင်မြင့်ခိုင် ဖုန်း-၀၉ ၉၉၂၄၅၇၄၊ ဒေါ်တင်မေလွင် ဖုန်း-၅၃၄၀၃၉၊ ဒေါ်ခင်သန်းမူ ဖုန်း-၅၄၁၈၅၄၊ ၅၄၅၇၄၆၊ ဒေါ်တင်လှမြင့် အထက(၁)ဒဂုံ၊ ဒေါ်ရှိစလင်းလှ ဖုန်း-၅၆၆၆၅၂ နှင့် ဒေါ်ဝေမာဝင်း ဖုန်း-၀၉ ၈၀၃၂၂၂၁တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

ချောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၂၆ရက်က မြို့နယ်စည်ပင်သာယာရေးဝန်ထမ်းများ မြို့တွင်းလမ်းမကြီးတစ်လျှောက်ရှိ ရေဆိုးထုတ်မြောင်းမကြီး ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)



မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အထက(၅)တို့ပူးပေါင်း၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲ အခမ်းအနားကို အောက်တိုဘာ၂၄ရက်က အဆိုပါကျောင်း စာကြည့်တိုက်ခန်းမ၌ကျင်းပရာ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးဟန်ရွှေ၊ ကျောင်းအုပ်ဆရာကြီး ဦးချစ်ထွန်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်ကြည်ကြည်ညွန့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

## စာချတန်းသင်တန်းဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၃၁**

စာချတန်းဘောင်ဝင်မည့် ခေတ်မီသင်ပြနည်းစနစ်ဖြင့် ဆိုရိုးစုံပြဓမ္မာစရိယကြေးမုံကျမ်းကို မူထား၍ နိုဝင်ဘာ၉ရက် (တန်ဆောင်မုန်းလပြည့်ကျော် ၅ရက်)မှစ၍ ပါရာဇိကဏ်ကို မွန်းလွဲ ၂နာရီမှ ညနေ၃နာရီ၊ အဋ္ဌသာလိနီကို ညနေ ၃ နာရီမှ ၄ နာရီ၊ ပါစိတျာဒိ ဂုဏ်ထူးကိုညနေ၄နာရီမှ၅နာရီအထိ(နပ-သ၊ အဘိဓမ္မ မဟာဌာနတွဲဖက် ပါမောက္ခ)ပါဠိ ဂုဏ်ထူးဆရာကြီး ဦးအောင်ခိုင်က ပို့ချပေးမည်ဖြစ်ရာ သင်တန်းတက်လိုသော အရှင်မြတ်များသည် ဗဟန်းမြို့နယ်၃လမ်း တိုက်၃၁ အခန်း၂(ဘီ)သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။ (က-ပ)



**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကိုဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အယ်လ်ဂျီးရီးယားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် နိုဝင်ဘာ ၁**

၂၀၀၆ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ကျရောက်သော အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းထံမှ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အဗ္ဗဒဲလ်အာဇီ(စ်)၊ ဘဲလ်ခါဒမ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဒုံမင်း၊နှဲ၊တယော၊အိုးစည်၊ဒိုးပတ်၊ဆိုင်းအတီးပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဆုချီးမြှင့်

နေပြည်တော် အောက်တိုဘာ ၃၁

**(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ရက် နံနက်ရနာရီတွင် နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ရေဆင်း)ခန်းမဆောင်၌ကျင်းပရာ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် တက်ရောက်၍ မိန့်ခွန်းပြောကြားပြီး ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။**

**တက်ရောက်**

အဆိုပါ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့်ဇနီး၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ရေဆင်းရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် သစ်တောတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဗဟိုအကဲဖြတ် ပညာရှင်များ၊ ပြည်နယ်နှင့် တိုင်းများမှ အကဲဖြတ်ပညာရှင်များနှင့် ကြီးကြပ်အုပ်ချုပ်သူများ၊ ပြိုင်ပွဲတွင် ဆုရရှိကြသူများနှင့်၎င်းတို့၏ မိဘဆွေမျိုးများ၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

**စာမျက်နှာ ၉ ကော်လံ ၁** ●



(၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အခြေခံပညာအဆင့်အသက်(၁၀-၁၅)နှစ် အမျိုးသားမဟာဂီတအဆိုပြိုင်ပွဲတွင် တတိယဆုရရှိသူ ရှမ်းပြည်နယ်မှ မောင်အာကာငြိမ်းချမ်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

# ရဲရွာရေအားလျှပ်စစ်စီမံကိန်းနှင့်သံရွာတံတား(နောင်ခမ်း)စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးမီပြီးစီးရေးဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၃၁**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့်ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ၃၀ရက် နံနက်၉နာရီက မန္တလေးတိုင်း ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ရဲ-ယမန်းရွာအနီးရှိ ရဲရွာရေအားလျှပ်စစ်စီမံကိန်းရှင်းလင်းဆောင်သို့ရောက်ရှိကြရာ ရှေးဦးစွာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနအမှတ်(၂)တည်ဆောက်ရေးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇော်က မြစ်ငယ်မြစ်ရေ အခြေအနေ၊ R.C.Cကွန်ကရစ် စမ်းသပ်ခြင်းလုပ်ငန်း၊ ကျောက်၊သဲနှင့် C.V.C ကွန်ကရစ်စမ်းသပ်ခြင်းလုပ်ငန်း၊ ကျောက်သဲထုတ်လုပ်ခြင်းလုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့်ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းဆိုင်ရာအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က စီမံကိန်းတည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ကာလကအတွင်း အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

**စာမျက်နှာ ၁၁ ကော်လံ ၁** ❒

**မိုးလေဝသအခြေအနေ**

(၁-၁၁-၂၀၀၆)

နေပြည်တော်

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။**

ရန်ကုန်မြို့

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာဖွယ်ရာရှိသည်။ ရွာရန်ရာနှုန်း၄၀ဖြစ်သည်။**

မန္တလေးမြို့

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။**

# စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်ဒေသဝမ်းစာဖူလုံရေး သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး စည်းရုံးဆောင်ရွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စံနမူနာပြအောင်မြင်အောင်လုပ်ကိုင်

**နေပြည်တော် အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့တွင် ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ၂၈ရက် နံနက်ပိုင်းက လောက်ကိုင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ စာသင်ခန်းများကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ကျောင်းသား၊ကျောင်းသူများအသုံးပြုရန် ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်ရာ ဆရာမ ဒေါ်ယဉ်ဌေးဝင်းက လက်ခံသည်။

**စာမျက်နှာ ၁၃ ကော်လံ ၁** ■